အရိယ သစ္စာန ဒဿနံ ဇတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရားဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	* တစ် မျိုး သား လုံး ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ် မျိုး သား လုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဝင်းသူဇာအရောင်းဆိုင်၊ သမဝါယမအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချ အမျိုးသားညီလာခံကိုယ်စားလှယ်များ ဝယ်ယူအသုံးပြုလျက်ရှိ

ရန်ကုန် မေ ၂၉

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ လိုအပ်သည်များကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်စေရန် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ သက်သာချောင်ချိရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်ခန်းများ၊ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ ဝယ်ယူအသုံးပြုလျက်ရှိကြသည်။ **(အောက်ပုံ)**

စာမျက်နှာ ၇ ကော်လံ ၁ ▼

စိုက်ပျိုးရေးနှင့်ဓာတ်အား ၆၆ မဂ္ဂါဝပ်ထုတ်လုပ်မည့် မုန်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ဘူးရွာတမံ

ကွင်းဆင်းရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ဖြန့်ဖြူးနိုင်ရန်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်သော မြစ်ချောင်းတို့ကို စူးစမ်းတိုင်းတာ၍ ရေအားလျှပ်စစ်ဆိုင်ရာစီမံကိန်းများကို လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသည်။

နေရာသုံးခု

ထိုသို့ ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မုန်းချောင်းတစ်လျှောက်၌ ရေလှောင်တမံများ အဆင့်ဆင့်တည်ဆောက်ပြီး ရေအားလျှပ်စစ်များထုတ်ရန်အတွက် ဖြစ်နိုင်ဖွယ်ရာရှိသော နေရာသုံးနေရာကို ရွေးချယ်လျက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ဘူးရွာရေလှောင်တမံစီမံကိန်း

ဘူးရွာ ရေလှောင်တမံစီမံကိန်း တည်ဆောက်မည့်နေရာကို စက်ယန္တရားများဖြင့် တောရှင်းခြင်း၊ မြေညှိခြင်းလုပ်ငန်း ဤသို့ ဆောင်ရွက်လျက်ရှိသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

မုန်းချောင်းကိုပိတ်၍ ဘူးရွာရေလှောင်တမံစီမံကိန်း တည်ဆောက်မည့် ပဏာမရွေးချယ်ထားသော မုန်းချောင်းဒေသ၏ အလှမြင်ကွင်းကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၃၀ ရက်)

စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်လာရေး နိုင်ငံတော်နှင့် လုပ်ငန်းရှင်များ လက်တွဲကြိုးပမ်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၅ ခုနှစ်တွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဆိုင်ရာ လမ်းညွှန်ချက်ငါးရပ်ကို ချမှတ်ပေးခဲ့ရာ မြန်မာ့စက်မှုလက်မှုကဏ္ဍသည် မူဝါဒရှိရှိ၊ ရည်မှန်းချက် ရှိရှိ စတင်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ယခုအခါ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် နှစ်စဉ် ရာခိုင်နှုန်းမြင့်မားစွာဖြင့် တိုးတက်လျက်ရှိသည့် အပြင် စက်မှုဇုန်အရေအတွက်မှာလည်း ၁၉ ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄)ကို မေလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်း ခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြော ကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌–

"ယခုအခါ နိုင်ငံတော်က စက်မှုလယ်ယာ ကျယ်ပြန့်စွာဖြစ်ပေါ်ရေး၊ စက်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးဆိုပြီး ဦးစားပေးကဏ္ဍများ သတ်မှတ်ပေးထားပြီးဖြစ်သည့်အပြင် ၂၀၀၄– ၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် စတင်ဖွံ့ဖြိုးတိုးတက်ရမည့်နှစ်ဖြစ်ရမည်ဟု တာဝန် ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဖိဖိစီးစီးလုပ်ဆောင်ကြရမှာ ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ယခုအခါ နိုင်ငံတော်၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် အေးသာယာစက်မှုဇုန်တို့၌ သံရည်ကျို၊ ပုံလောင်းခြင်း၊ သံပုံဖိခြင်း၊ အမာတင်ခြင်းစသည့် သံထည်ပစ္စည်း ပုံလောင်းပုံထောင်း ခေတ်မီအလုပ်ရုံများကို ၂၀၀၄ ခုနှစ်မကုန်မီ အပြီးထူထောင်သွားနိုင်ရေး ကြိုးပမ်းလျက် ရှိကြောင်း သိရသည်။

ယင်းခေတ်မီ သံရည်ကျိုပုံလောင်းအလုပ်ရုံများရှိ ခေတ်မီစက်ကိရိယာများကြောင့် စက်မှုဇုန် များ၏ အဆင့်အတန်းနှင့် အရည်အသွေးသည် အဆင့်မြင့်တက်သွားမည်ဖြစ်ပြီး စက်ကိရိယာပစ္စည်း များကိုလည်း အရေအတွက်အရ အမြောက်အမြားထုတ်လုပ်ပေးနိုင်သည့်အဆင့် ရောက်ရှိသွားမည် ဖြစ်သည်။

သာဓကအားဖြင့် လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်စသည့် လယ်ယာသုံးစက်ကိရိယာများအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကို ပုံလောင်းပုံဖော် ထုတ်လုပ် ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ များကို ဦးစားပေးထုတ်လုပ်သွားမည်ဖြစ်ရာ စက်မှုဇုန်တစ်ခုချင်း၏ စွမ်းအားအလိုက် လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးကဏ္ဍ၌ မှန်မှန်ကန်ကန် ထိုက်ထိုက်တန်တန်ပါဝင်နိုင်ရန် လိုအပ်ပေသည်။

ထို့ပြင် စက်မှုဇုန်များရှိ လုပ်ငန်းအများစုသည် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖြစ်ရာ ယင်းလုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းရှင်များမှာ ငွေကြေးအရင်းအနှီးအရရော၊ နည်းပညာ အရပါ အားနည်းမှုရှိသဖြင့် ဝိုင်းဝန်းအကူအညီပေးရန် လိုအပ်ပေသည်။

လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်လုပ်ရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ထူထောင်ရေး၊ မော်တော်ယာဉ်ထုတ်လုပ်ရေးစသည့် လုပ်ငန်းများကို နည်းမှန်လမ်းမှန် လျင်မြန်စွာဖွံ့ဖြိုးလာစေရန် လက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

ထိုနည်းတူစွာပင် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ကျွမ်းကျင်အလုပ်သမားများ၊ ပညာ ရှင်များ လေ့ကျင့်မွေးထုတ်ပေးရေးသည် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့နှင့် ဆက်စပ်လျက် ရှိရာ စက်ရုံ၊ အလုပ်ရုံများနှင့် တက္ကသိုလ်၊ ကောလိပ်များသည် လက်တွေ့ကျကျ အပြန်အလှန် ဆက်စပ်အကျိုးပြုနိုင်မှသာ စက်မှုလုပ်ငန်းများ ရေရှည်တွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာဖြစ်ပေါ်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ တိုးချဲ့ထုတ်လုပ်ရေး၊ စက်မှုဇုန်များ အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်ပုဂ္ဂလိက လုပ်ငန်းရှင်များ လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၃၀–၅–၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သန်တမှ အသန်တသို့"**

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Economic Aspects of Population (အိမ်တွင်းစီးပွား၊ ဥပဒေပညာ)
- ၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း–၁၅)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ)(အပိုင်း–၂၂)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ပြည်တွင်းအခွန်များဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၉

ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာနှစ် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာ စကား ပြောကြားသည်။ (အပေါ်ပုံ)

ဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပြည်တွင်း အခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန များနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီး ဌာနမှ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြား သည်။ ထို့နောက် ဝန်ကြီးသည် ပြည်တွင်းအခွန်များ ဦးစီးဌာန ဦးစီးရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်နှင့် တိုင်း အခွန်ဦးစီးဌာနမှူးများအား တွေ့ဆုံရာ ပြည်နယ်နှင့် တိုင်း အခွန်ဦးစီးဌာနမှူးများက ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာနှစ် အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေကြောင်းရဲညွှန့်လောင်းသင်တန်းဆင်းပွဲများ မြစ်ကြီးနား၊ တောင်ငူ၊ မိတ္ထီလာများ၌ကျင်းပ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် တပ်မတော်(လေ)လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲများကို မေ ၂၈ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့၌လည်းကောင်း၊ တောင်ငူမြို့၌လည်းကောင်း၊ မိတ္ထီလာမြို့၌လည်းကောင်း အသီးသီး ကျင်းပသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော တပ်မတော်(လေ)လေကြောင်းရဲညွှန့်လောင်း(မြစ်ကြီးနားစခန်း)သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းတို့ တက်ရောက်၍ အမှာစကား အသီးသီး ပြောကြားသည်။

ထို့နောက် တိုင်းမှူးက သင်တန်းထူးချွန်သူသင်တန်းသား သုံးဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ပြီး ဗိုလ်မှူးကြီးဇော်ထွန်းက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည့် တပ်မတော်(လေ)လေကြောင်းရဲညွှန့်လောင်း(တောင်ငူစခန်း)သင်တန်းဆင်းပွဲတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန် သူများအားဆုများကိုပေးအပ်ချီးမြှင့်၍ **(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မန္တလေးတိုင်း၊ မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း(မိတ္ထီလာစခန်း) သင်တန်းဆင်းပွဲတွင်အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး တင်ဦးလွင်၊ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းနှင့်မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးတို့တက်ရောက်၍ သင်တန်းဆင်းအမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းအသင်းအလုပ်အမှုဆောင်ဦးစိုးအောင်နှင့်တာဝန်ရှိသူများကဆုရသင်တန်းသားများအားဆုများကို ပေးအပ်ချီးမြှင့်၍ တိုင်းအသင်း အတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်ကိုလည်းကောင်း၊ ခရိုင်အသင်းမှုဦးစောဌေးကသင်တန်းအတွက် အလှူငွေများကိုလည်းကောင်းပေးအပ်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရေကြောင်းရဲညွှန့်လောင်း(ပုသိမ်စခန်း)သင်တန်းဆင်း တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်း ရဲညွှန့်လောင်းသင်တန်း (ပုသိမ်စခန်း) (တန်းမြင့်နှင့်အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၀၄)ဆင်းပွဲကို မေ ၂၈ရက် နံနက် ၈နာရီတွင် ပုသိမ်မြို့ ဇေရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုသင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေတို့က အမှာစကား အသီးသီး ပြောကြားကြပြီး တန်းမြင့်နှင့်အခြေခံသင်တန်းတို့တွင် စံပြဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများ ကိုယ်စား သင်တန်းသား တစ်ဦးအား ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ITပညာဖွံ့ဖြိုးရေး စာမေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)က ကြီးမှူး၍ Japan Myanmar Cross Certification (JITEC) စာမေးပွဲကို ယနေ့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park၌ကျင်းပရာ ၁၇၂ ဦးတို့ ဖြေဆိုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးနေ့အခမ်းအနားများကျင်းပ ပညာရေးဒုတိယဝန်ကြီးတက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၉

ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အမှတ်(၁)အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစီထန်ဇာတွင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) တိုင်းပညာရေးမှူး ဦးသုခနှင့် တာဝန်ရှိသူများ၊ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဦးနှင့် အဖွဲ့ဝင်များ၊မြို့နယ်ပညာရေးမှူးနှင့်ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ပညာရေးအလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမြင့်စိုးက မြို့နယ်၏ ကျောင်းအပ်နှံရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ပညာရေးဝန်ကြီးဌာနကလှူဒါန်းသောကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။

အလားတူ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းသည် ယမန်နေ့နံနက် ၁၀ နာရီတွင် ဒိုက်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော မြို့နယ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ပဲခူးမြို့နယ် ပျဉ်ပုံကြီး အခြေခံပညာအထက်တန်းကျောင်းခွဲ၌ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးမြို့နယ် ဘုရားကြီး အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ကျေးရွာလုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပဲခူးမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ လည်းကောင်း၊ ညနေ ၃ နာရီတွင် ပဲခူးမြို့နယ် ပွဲစားကြီးကုန်း အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း၊ညနေ ၃ နာရီခွဲတွင် ပဲခူးမြို့နယ် အင်းတကော်အခြေခံပညာ အထက်ကျောင်း၌ ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသော လှည်းကူးမြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း တက်ရောက်၍ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာများကိုပေးအပ်ပြီး ကျောင်းနေအရွယ် ကလေးကျောင်းအပ်နှံရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသုတ်အထက ရွှေရတုမဂ္ဂဇင်း စာစောင်ထုတ်ဝေမည်

ရန်ကုန် မေ ၂၉

အသုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၏နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်၍ ၎င်းကျောင်းတွင် ပညာသင်ကြားခဲ့သော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် ကဗျာ၊ကာတွန်း၊ဝတ္ထုတို/ရှည်၊ ဆောင်းပါးများနှင့် အမှတ်တရ ဓာတ်ပုံများ၊ စာရွက်စာတမ်း အထောက်အထားများကို ဦးကျော်လှိုင် အမှတ်(မ/၉၈)ကျောက်တိုင်လမ်း အသုတ်မြို့သို့ ဇူလိုင် ၁၅ ရက် နောက်ဆုံးထား ရေးသားပေးပို့နိုင်ကြောင်းသိရသည်။

(က-ပ)

လှိုင်သာယာမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)လှိုင်သာယာမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၉ရက် နံနက် ၉နာရီက အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းနေရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က အဖွင့်အမှာစကား ပြောကြား၍ **(အောက်ပုံ)**ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးကို မြို့နယ်ပညာရေးမှူး ဦးတင်အောင်ဦးကရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဝေါ်ဗီးရှင်း(မြန်မာ)တို့မှ တာဝန်ရှိသူများက သိန်းလေးရာ့ကိုးဆယ်ကျော်တန်ဖိုးရှိ ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းစရိတ်များကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်ပညာရေးမှူးဦးတင်မောင်ဦးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

မေ ၂၉ရက်က မင်္ဂလာတောင်ညွှန့်မြို့နယ် ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းနေအရွယ် ကလေးကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက(၁) ကျောင်းခန်းမတွင်ပြုလုပ်ရာ စေတနာရှင်များ လှူဒါန်းသော စာအုပ်နှင့်စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဦးသန်းလွင်က ကျောင်းအလိုက်ပေးအပ်စဉ်။ (၂၅၉)

မြန်မာ့အလင်း



နိုင်ငံတကာ သတင်းများ

ကန်နှင့်အပေါင်းပါတို့လက်ထဲ၌ သတ်ဖြတ်ခြင်းနှင့် ဖျက်ဆီးခြင်းသာရှိ

ဘုရှ်၏မိန့်ခွန်းအပေါ် ဆီးရီးယားတိုင်းမ်သတင်းစာက ဝေဖန်ရေးသား

ဒမတ်စကတ် မေ ၂၈

အီရတ်နိုင်ငံ၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ပြောကြားသည့် မိန့်ခွန်းနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဆီးရီးယားတိုင်းမ်က ကြာသပတေးနေ့တွင် ဝေဖန်တိုက်ခိုက်လိုက်ပြီး အမေရိကန်နိုင်ငံသားများနှင့် ကမ္ဘာ့အသိုင်းအဝိုင်းတစ်ခုလုံးကို မျက်စိထဲ သဲဖြင့်ပက်လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

ဘုရှ်ပြောကြားသော မိန့်ခွန်းသည် ရွေးကောက်ပွဲအတွက် ရည်ရွယ်ကာ သူ၏ကိုယ်ပိုင်ပုံရိပ်သွင် တိုးတက်လာအောင် ကြိုးပမ်းခြင်းသာဖြစ်သည်ဟု ဆီးရီးယားတိုင်းမ်က ရေးသားသည်။

အဆင့်ငါးဆင့်

အင်္ဂါနေ့က ဘုရှ်ပြောကြားခဲ့သောမိန့်ခွန်းတွင် အီရတ်တို့လွတ်လပ်ပြီး ဒီမိုကရေစီရရှိရေး ကူညီမည့်အဆင့်ငါးဆင့်ကို ချပြထားရာ အသွင်ကူးပြောင်းရေးအစိုးရသို့ အုပ်ချုပ်မှုလွှဲပြောင်းခြင်း၊ အီရတ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်ရေးအကူအညီပေးခြင်း၊ အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ခြင်း၊ နိုင်ငံတကာဆိုင်ရာ အထောက်အပံ့ပိုရရှိအောင်လုပ်ဆောင်ခြင်းနှင့် လွတ်လပ်သော အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် လှုပ်ရှားခြင်းတို့ ပါဝင်သည်။

ဝေဖန်ရေးသား

ဘုရှ်က လွတ်မြောက်ရေးနှင့် ကြီးပွားတိုးတက်မှုကို ကတိပေးထားသော်လည်း ကျူးကျော်တပ်ဖွဲ့များလက်ထဲ၌ အမှန်တကယ်ဖြစ်နေသည်မှာ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် သွေးထွက်သံယိုဖြစ်ခြင်းတို့ဖြစ်ကြောင်း သတင်းစာက ဝေဖန်ရေးသားသည်။

ရည်ညွှန်း

ဆီးရီးယားတိုင်းမ်သည် အဘူဂါရိပ်အကျဉ်းထောင်၌ ဖြစ်ပျက်နေသည်များကို ရည်ညွှန်းခြင်းဖြစ်ပြီး စက်ဆုပ်ရွံရှာဖွယ်ရာနှင့် ထိတ်လန့်ချောက်ချားဖွယ်ရာကောင်းကြောင်း ရေးသားဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်အကျဉ်းသားများအား ခွေးများဖြင့် ခြောက်လှန့်ရန် ပင်တဂွန်က ကန်ဗိုလ်ချုပ်ကို မှာကြားစေလွှတ်ခဲ့

ဝါရှင်တန် မေ ၂၇

အဘူဂါရိပ်ရှိ အကျဉ်းသားများထံမှ ထောက်လှမ်းရေးသတင်း ကောက်ယူစုဆောင်းရန် ပင်တဂွန်က စေလွှတ်လိုက်သော အမေရိကန်ဗိုလ်ချုပ်ကို အီရတ်အကျဉ်းသားများအား အစောင့်ခွေးများဖြင့် ကြောက်လန့်အောင် လုပ်ရန်မှာကြားပြောဆိုခဲ့ကြောင်း ဝါရှင်တန်ပို့စ်က ဗုဒ္ဓဟူးနေ့၌ ဖော်ပြလိုက်သည်။

အီရတ် အကျဉ်းထောင်၌ ထိပ်တန်း အမေရိကန် ထောက်လှမ်းရေး အရာရှိ၏ အစစ်ခံထွက်ဆိုချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြခြင်းဖြစ်သည်။ ထိုသို့ အစောင့်ခွေးများဖြင့် ကြောက်လန့်အောင်လုပ်ရန် ဗိုလ်မှူးချုပ် ဂျယ်ဖရီမီလာက အကြံပေးခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီး သောမတ်စ်ပက်ပါစ့်က အစစ်ခံရာ၌ ထိုသို့ဆိုခဲ့သည်။

ရေးသား

အီရတ်ရှိ အမေရိကန်ထိပ်တန်းစစ်ဘက်ဆိုင်ရာ အရာရှိဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ့စ် အတည်ပြုသည့် မူဝါဒအရ ဗိုလ်မှူးချုပ် ဂျယ်ဖရီမီလာက အကောင်အထည်ဖော်ခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားသည်။

ယင်းကဲ့သို့ အကျဉ်းသားများအား ထိတ်လန့်အောင်လုပ်ခြင်းသည် နည်းစနစ်တစ်ခုဖြစ်ပြီး ဗိုလ်မှူးချုပ်မီလာက အီရတ်အကျဉ်းထောင်သို့ လာရောက်ချိန်တွင် မိမိ သူနှင့်ဆွေးနွေးခဲ့ကြောင်း ပက်ပါစ့်က စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူအန်တိုနီယိုတာရူဘာကို ပြောဆိုခဲ့သည်ဟု ဝါရှင်တန်ပို့စ်က ရေးသားသည်။

ထွက်ဆို

ဝါရှင်တန်ပို့စ်က ပက်ပါစ့်သည် ခွေးများအသုံးပြုခြင်း၊ လက်ထိပ်သံခြေချင်းခတ်ခြင်း၊ အကျဉ်းသားများကို ဝတ်လစ်စလစ်လုပ်ခြင်းများအပါအဝင် စစ်မေးသည့်အစီအစဉ်များသည် ဆန်ချေ့စ်၏မူဝါဒအရဖြစ်ကြောင်း အစစ်ခံထွက်ဆိုခဲ့သည်ဟု ရေးသားဖော်ပြသည်။

ဝါရှင်တန်ပို့စ်က ရရှိခဲ့သော အဘူဂါရိပ်မှ ဓာတ်ပုံလေးပုံထက်မနည်းတွင် ခွေးများ၏အနီး၌ ကြောက်လန့်နေသော အကျဉ်းသားများကို တွေ့ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ပစ်ခတ်

ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်များအား ပြန်လည်ပစ်ခတ်နေသော အီရတ်ပြောက်ကျားများကို မေ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒ အပေါင်းပါနိုင်ငံများကို မဆွဲဆောင်နိုင် ဆုံးဖြတ်ချက်မူကြမ်းကို ပြင်သစ်နှင့် ဂျာမနီတို့က လေ့လာသုံးသပ်နေ

ဘဂ္ဂဒက် မေ ၂၇

အမေရိကန်နှင့် ဗြိတိန်တို့အဆိုပြုတင်ထားသော အီရတ်ဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်တစ်ရပ် ရရှိရေးအတွက် အမေရိကန်တို့သည် ဥရောပမိတ်ဖက်နိုင်ငံများက ထောက်ခံမှုပြုပါရန် တောင်းခံနေရပြီဖြစ်သည်။

တောင်းဆိုနေ

လွန်ခဲ့သောတစ်နှစ်က အီရတ်အား စစ်ပွဲဆင်နွှဲရန် ကုလသမဂ္ဂ၏ထောက်ခံမှုရရှိရေး အမေရိကန်တို့က ကြိုးပမ်းခဲ့ရာတွင် ပြင်သစ်နိုင်ငံက အကြီးအကျယ်ကန့်ကွက်ခဲ့သည့်အတွက် မအောင်မမြင်ဖြစ်ခဲ့ရသည်။ ယခုတစ်ကြိမ်၌ ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့က မူကြမ်းကို အသေးစိတ်လေ့လာသုံးသပ်နေပြီး ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် တောင်းဆိုနေသည်။

အီရတ် ကြားဖြတ်အစိုးရရရှိမည့် နိုင်ငံရေးအာဏာနှင့် အီရတ်မှ နိုင်ငံစုံတပ်ဖွဲ့များ ထွက်ခွာမည့်နေ့ရက် အတိအကျသိရှိရေးတို့ကို ပြင်သစ်နှင့်ဂျာမနီတို့က လိုလားနေကြကာ နိုင်ငံစုံတပ်ဖွဲ့များကို အီရတ်တို့က ထိန်းချုပ်ခွင့်ရမှသာ အချုပ်အခြာအာဏာ အပြည့်အဝရရှိမည်ဖြစ်သည်ဟုလုံခြုံရေးကောင်စီဝင်နိုင်ငံများက ဝေဖန်နေကြသည်။ သမ္မတဘုရှ်၏ အချက်ငါးချက်ပါအီရတ်မူဝါဒသည် အပေါင်းပါနိုင်ငံများကို မဆွဲဆောင်နိုင်ကြောင်းနှင့် အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ မလျော့ပါးသေးသရွေ့ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်မည်မဟုတ်ကြောင်း သိရသည်။**(စီအင်န်အင်န်)**

ကမ္ဘာ့ခရီးသည်တင်လေယာဉ်များ အာရှ-ပစိဖိတ်တွင် ပျံသန်းမည်

ကင်ဘာရာ မေ ၂၈

အာရှ-ပစိဖိတ်ဒေသသည် လာမည့် ဆယ်စုနှစ် နှစ်ခုတွင် အမေရိကန်ပြည်ထောင်စုကိုပင် ကျော်လွန်ပြီး အဓိက လေကြောင်းလိုင်းဈေးကွက်အဖြစ် ကြီးထွားဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ကမ္ဘာ့အဲယားဘတ်စ်လေယာဉ်များ ထုတ်လုပ်သည့်ကုမ္ပဏီကြီးတစ်ခုက ပြောကြားသည်။

ကျော်လွန်

အာရှ-ပစိဖိတ်ဈေးကွက်သည် လေကြောင်းလိုင်းများကို ကြီးမားစွာကြီးပွားတိုးတက်စေမည်ဖြစ်ပြီး လာမည့်နှစ် ၂၀ ကာလတွင် အမေရိကန်ပြည်ထောင်စုကို ကျော်လွန်သွားမည်ဖြစ်ကြောင်း မတ်ကက်တင်းကိုလင်းစတုဝပ်ကုမ္ပဏီ၏ အဲယားဘတ်စ်လေယာဉ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ကဆစ်ဒနီတွင် ဗုဒ္ဓဟူးနေ့က ပြောကြားသည်။ ကမ္ဘာ့ကြီးမားသော ခရီးသည်တင်လေယာဉ်များအုပ်စု၏ ၆၀ရာခိုင်နှုန်းကို အာရှ-ပစိဖိတ် လေကြောင်းလိုင်းများက ပျံသန်းလိမ့်မည်ဟု ၎င်းက ကြိုတင်ဟောကိန်းထုတ်လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အဝလွန်ခြင်းကို ကမ္ဘာလုံးဆိုင်ရာ ရောဂါအဖြစ် ဒဗလျူအိပ်ချ်အို သတိပေး

ဘဂ္ဂဒက် မေ ၂၇

အဝလွန်သည်ဟု ဆိုလိုက်သည်နှင့် အဝလွန်သူ ဦးရေများပြားသော အမေရိကန်ပြည်ထောင်စုအား စဉ်းစားမိကြသူများရှိနိုင်ပြီး အဝလွန်ခြင်းကို ကမ္ဘာလုံးဆိုင်ရာ ရောဂါရပ်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားလိုက်ပြီဖြစ်သည်။

ဗြိတိန်နိုင်ငံ၌လည်း အဝလွန်ခြင်းပြဿနာအား မထိန်းချုပ်နိုင်သည့်အတွက် ပါလီမန်အစီရင်ခံစာတစ်ရပ်တွင် တင်သွင်းဖော်ပြသည်အထိဖြစ်လာသည်။ အဝလွန်ခြင်းကြောင့် ဆီးချိုရောဂါ၏ သားကောင်များအဖြစ် ဗြိတိန်အတော်များများသည် မျက်စိကွယ်ခြင်း၊ ကိုယ်လက်အင်္ဂါအချို့ဖြတ်ပစ်ရခြင်းစသည်များနှင့် ပိုမိုကြုံတွေ့လာရနိုင်ကြောင်းလည်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြထားသည်။

လူများသည် ကိုယ့်ကိုကိုယ်ဘာကိုပိုစားနေမိသည်ဆိုသည်ကိုသတိမထားမိကြကြောင်းနှင့် ကျန်းမာရေးနှင့်အညီ ချင့်ချိန်စားသောက်မှုကို ကလေးဘဝကပင်စတင်သင့်ပြီး အရွယ်ရောက်လူကြီးများပင် ချင့်ချိန်စားသောက်မှုပြုလုပ်သင့်ကြောင်း သုတေသီများက အကြံပေးကြသည်။ ဗြိတိန်၌ သာမက ဥရောပရှိအမျိုးသား ၂၀ရာခိုင်နှုန်းနှင့်အမျိုးသမီး ၂၅ ရာခိုင်နှုန်းသည် အဝလွန်ကြသည်ဟုသိရသည်။ ထို့အပြင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ကမ္ဘာ့လူဦးရေ သန်းသုံးရာလောက်သည် ကိုယ်အလေးချိန်ပိုနေသော အဝလွန်နေသူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က သတိပေးပြောကြားထားသည်။**(စီအင်န်အင်န်)**

ဆန့်ကျင်ဆန္ဒပြ

အမေရိကန်နှင့် အပေါင်းပါတို့အား ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေသူများအား မေ ၂၈ရက်က ဘဂ္ဂဒက်မြို့တွင်တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခဲ့မှု ကန့်တို့အနေဖြင့် ကြီးမားသောတန်ဖိုးပေးဆပ်ရလိမ့်မည်ဟု ကန်ဗိုလ်ချုပ်ကြီးပြောကြား

ဖီလာဒယ်ဖီယာ မေ ၂၈

အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုများနှင့် အရှက်တကွဲအကျိုးနည်းဖြစ်စေခဲ့ခြင်းအတွက် အမေရိကန်ပြည်ထောင်စုက ကြီးမားသော တန်ဖိုးတစ်ခုပေးဆပ်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်ဗဟိုစစ်ဌာနချုပ်အကြီးအကဲဟောင်း အငြိမ်းစား မရိန်းဗိုလ်ချုပ်ကြီး အန်ထော်နီဇင်းနစ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဘုရှ်၏အစိုးရသည် အီရတ်ကျူးကျော်မှုနှင့် ပတ်သက်သော လုပ်ငန်းဆောင်တာများကို လျှော့တွက်ခဲ့ကြောင်း၊ ယုံကြည်မှုမရှိသော စစ်ပြီးကာလအစီအစဉ်နှင့် ကမ္ဘာ့အသိုင်းအဝိုင်းက ၎င်း၏ ဆောင်ရွက်ချက်အပေါ် လက်ခံမှုမရှိကြောင်း ဇင်းနစ်က ပြောကြားသည်။

ဆက်စပ်ဖော်ပြ

အဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုသည် ကမ္ဘာ့တစ်ဝန်း ထုတ်ဝေသော ဓာတ်ပုံများက ဆက်စပ်ဖော်ပြခဲ့ကြောင်း၊ အီရတ်အမျိုးသားများအား စက်ဆုပ်ဖွယ်ကောင်းအောင် ပြုမူခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

ဆိုးရွား

မိမိတို့သည် ယင်းဓာတ်ပုံများကို အဘယ်ကြောင့် ဖော်ပြသည်ထက် ယဉ်ကျေးမှုကို ပိုမိုဆိုးရွားစွာမဖြစ်နိုင်ကြောင်း၊ ယင်းကိစ္စကို ပြည်သူအားပြသသင့်ကြောင်း၎င်းကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဝမ်းနည်းငိုကြွေး

နာဂျက်ဖ်မြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အိမ်ပြိုကျပျက်စီးခဲ့ရသဖြင့် ဝမ်းနည်းငိုကြွေးနေသော အီရတ်အမျိုးသမီးတစ်ဦးကို မေ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆာမာဝါရှိရဲစခန်းနှင့်အုပ်ချုပ်ရေးရုံးအနီး စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

ဆာမာဝါ မေ ၂၈

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့တွင် ပြန်လည်တည်ဆောက်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်မြေပြင်တပ်ဖွဲ့ဝင်များ စခန်းချနေရာမှ ငါးကီလိုမီတာအကွာ၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲမှု ယမန်နေ့က ဖြစ်ပွားခဲ့သည်။

ဆာမာဝါမြို့ရှိ ရဲစခန်းတစ်ခု၊ အုပ်ချုပ်မှုဆိုင်ရာ ရုံးခန်းတစ်ခုနှင့် အနီးအနားရှိ အိမ်တစ်လုံးတို့ကို စိန်ပြောင်းသုံးလုံး ကျရောက်ပေါက်ကွဲခဲ့သည်။ ပစ်ခတ်မှုကြောင့် ၁၈နှစ်အရွယ် ယောကျ်ားလေးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ယခုကဲ့သို့ စိန်ပြောင်းဖြင့်တိုက်ခိုက်မှုသည် ပထမသုတ် ဂျပန်ကြည်းတပ်ဖွဲ့များက ၎င်းတို့၏ တာဝန်ပြီးဆုံးကာ အစားထိုး ဝင်ရောက်တာဝန်ယူသည့် တပ်ဖွဲ့ကို တာဝန်လွှဲပြောင်းပေးမှုမှ ဗုဒ္ဓဟူးနေ့က ပြီးစီးပြီးနောက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အီရတ်အုပ်ချုပ်မှု အာဏာလွှဲပြောင်းပေးမှုကာလအတွင်း ဂျပန် ကြည်းတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား တိုက်ခိုက်လာနိုင်သည့်အတွက် လုံခြုံရေးကို ပိုမိုတင်းကျပ်စွာ ချထားသည်။ **(အင်န်အိပ်ချ်ကေ)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကန်နှင့်ဗြိတိန်တင်သွင်းသောမူကြမ်း ကုလ၌အချေအတင်ဖြစ်နေ အီရတ်ကိုအချုပ်အခြာအာဏာအပြည့်အဝပေးရန် တရုတ် အဆိုတင်သွင်း

ကုလသမဂ္ဂ မေ ၂၈

အီရတ်အစိုးရအဖွဲ့တစ်ဖွဲ့ကို အာဏာလွှဲပြောင်းပေးရေးနှင့်စပ်လျဉ်း၍ အမေရိကန်နှင့် ဗြိတိန်တို့တင်သွင်းသော အစီအစဉ်နှင့်ပတ်သက်ပြီး နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ အချေအတင်ဖြစ်နေကြောင်း သိရသည်။

တရုတ်နိုင်ငံကလည်း အီရတ်အစိုးရအဖွဲ့ကို အချုပ်အခြာ အုပ်ချုပ်ရေးလွှဲပြောင်းပေးအပ်ရေးနှင့် ပတ်သက်သည့် အဆိုပြုလွှာမူကြမ်းကို ဝေဖန်ထားသော စာမျက်နှာသုံးမျက်နှာပါ အစီရင်ခံစာတစ်စောင်ကို တင်သွင်းခဲ့သည်။ တရုတ်နိုင်ငံ၏ အဆိုပြုချက်ကို ပြင်သစ်၊ ရုရှားနှင့် ဂျာမနီနိုင်ငံတို့က ထောက်ခံအားပေးခဲ့ကြသည်။

တောင်းဆို

တရုတ်နိုင်ငံတင်ပြသော အစီရင်ခံစာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ တရားစီရင်ရေးနှင့် သံတမန်ဆက်ဆံရေးကဏ္ဍများတွင် အီရတ်နိုင်ငံအား အချုပ်အခြာအာဏာ အပြည့်အဝပေးရန်ရှိကြောင်း သိရသည်။ ထို့အပြင် အီရတ်အစိုးရသစ်က တောင်းဆိုမှုမရှိခဲ့ပါက နိုင်ငံခြားတပ်ဖွဲ့များ အီရတ်မှထွက်ခွာမည့် အချိန်ကာလကိုလည်း အလေးအနက်တောင်းဆိုထားကြောင်း သိရသည်။ အဆိုပါကိစ္စကို အချေအတင်ဆွေးနွေးကြမည်ဖြစ်ကာ မဲခွဲဆုံးဖြတ်မည့်နေ့ကို အသစ်ပြန်လည်သတ်မှတ်ခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အမေရိကန်နှင့် အပေါင်းပါတို့အား ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေသူတစ်ဦးကို မေ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာလာဒရုဇ်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား အီရတ်ရဲအရာရှိတစ်ဦးအပါအဝင် လူသုံးဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၇၅ ကီလိုမီတာအကွာရှိ ဘာလာဒရုဇ်မြို့၌ ဗုဒ္ဓဟူးနေ့က ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အီရတ်ရဲအရာရှိတစ်ဦးအပါအဝင် အီရတ်သုံးဦးသေဆုံးကာ အခြား ၁၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာတာအခြေစိုက် အယ်ဂျာဇီရာရုပ်မြင်သံကြားသတင်းလိုင်းက သတင်းထုတ်လွှင့်သွားသည်။

ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဗုဒ္ဓဟူးနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားကြောင်း၊ ယင်းကားဗုံးပေါက်ကွဲမှုမှာ ဘာကူဘာမြို့ ရဲထောက်လှမ်းရေးဌာနအကြီးအကဲဖြစ်သူ ဗိုလ်မှူးကြီး အလီအစ်မေးလ်၏ ယာဉ်တန်း ဖြတ်သန်းမောင်းနှင်သွားချိန်ဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိတစ်ဦး၏ ပြောကြားချက်ကို အဆိုပါ အယ်ဂျာဇီရာရုပ်မြင်သံကြားက ထုတ်လွှင့်သွားခြင်း ဖြစ်သည်။ ထိုကားဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ၁၈ဦး ဒဏ်ရာရရှိရာတွင် ရဲတပ်ဖွဲ့ဝင် လေးဦးလည်း ပါဝင်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သေဆုံး

အခြားဖြစ်ရပ်တစ်ခုမှာ တနင်္လာနေ့က အယ်ခါလစ်မြို့အနီးတွင် ရဲအရာရှိတစ်ဦး လုပ်ကြံပစ်ခတ်ခံရမှုဖြစ်ပွားရာ ရရှိခဲ့သောဒဏ်ရာဖြင့် ဆေးရုံ၌ သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ဆိုင်ရာ ကုလဆုံးဖြတ်ချက် ပြင်ဆင်မှုများရှိဦးမည်ဟု အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြား

ကုလသမဂ္ဂ မေ ၂၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်သည် ရှင်းလင်းမှုများ၊ ပြင်ဆင်ချက်များ ရှိလာဦးမည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်နှင့် ဗြိတိန်တို့က အီရတ်ဆိုင်ရာအဆိုပြုချက်ကို တနင်္လာနေ့က ကုလသမဂ္ဂထံတင်သွင်းပြီး နောက်တစ်နေ့၌ ပြောကြားခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးကောင်စီသည် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကိုအတည်မပြုမီ ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လိုကြောင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ် လက်ဒါဘရာဟီမီ ရေးဆွဲထားသော လာမည့် ဇန်နဝါရီလကုန်၌ အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် အဆိုပြုချက်ကို ထည့်သွင်းစေလိုကြောင်း ပြောကြားနေကြသည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံအချို့သည် အီရတ်နိုင်ငံ၏ ရေနံလုပ်ငန်းကွပ်ကဲမှု၊ ကြားဖြတ်အစိုးရနှင့် နိုင်ငံစုံတပ်ဖွဲ့များအကြား ဆက်ဆံရေးတို့နှင့်ပတ်သက်ပြီး မူကြမ်း၌ ရှင်းလင်းစွာ ထည့်သွင်းမထားကြောင်း ဝေဖန်နေကြသည်။ **(အင်န်အိပ်ချ်ကေ)**

အီရတ်တို့အား နိုင်ငံရေးနှင့် စစ်ရေးပိုမိုဆောင်ရွက်ခွင့်ပြုရန် လုံခြုံရေးကောင်စီဝင်နိုင်ငံများက အမေရိကန်ကို ဖိအားပေး

ကုလသမဂ္ဂ မေ ၂၈

ဇွန် ၃၀ရက်တွင် အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်ထားမှု တရားဝင်အဆုံးသတ်စေရေးအတွက် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရာတွင် အနာဂတ်အီရတ်တို့အတွက် နိုင်ငံရေးနှင့် စစ်ရေးတို့အပေါ် ပိုမိုလုပ်ပိုင်ခွင့်အာဏာ အမေရိကန်တို့က ပေးအပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများက ဖိအားပေးလျက်ရှိသည်။

အမေရိကန်နှင့် ဗြိတိန်တို့က ကမကထပြုပြီး ရေးဆွဲထားသော အီရတ်နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်မှု စည်းမျဉ်းကို အီရတ်၌ကြားဖြတ်အစိုးရတစ်ရပ် ရွေးချယ်ပြီးနောက် ရက်သတ္တနှစ်ပတ်ကြာသည့်တိုင် မပြဋ္ဌာန်းသင့်သေးကြောင်း ပြင်သစ်နိုင်ငံက ပြောကြားလျက်ရှိသည်။

ထည့်သွင်းရမည်

ပြင်သစ်နိုင်ငံ သံအမတ်ဂျိန်းမက်ဒီလာဆတ်လီရာက ပြောကြားရာတွင် အီရတ်လူမျိုးတို့အနေဖြင့် ကောင်းစွာလက်ခံနိုင်ရန် အီရတ်ကြားဖြတ်အစိုးရက သေချာစွာလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးအသွင် ကူးပြောင်းရာတွင် အီရတ်တို့၏ လိုအပ်ချက်များကို ထည့်သွင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။ အီရတ်ကြားဖြတ်အစိုးရ၏ ဖွဲ့စည်းမှုအနေအထားကို တနင်္လာနေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့တင်ပြရမည်ဖြစ်ပြီး အမေရိကန်ဦးဆောင်သည့် နိုင်ငံပေါင်းစုံပါဝင်သော ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ ဆောင်ရွက်ရေးကိုလည်း တင်ပြရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဂျပန်သတင်းထောက်များကား ပစ်ခတ်ခံရ သတင်းထောက်နှစ်ဦးနှင့် စကားပြန်သေဆုံး

ဘဂ္ဂဒက် မေ ၂၉

ဂျပန်အလွတ်သတင်းထောက် နှစ်ဦးကို တင်ဆောင်လာသောကားတစ်စီးအား အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၃၀အကွာခန့်တွင် ရှိသော မာမူဒီယာမြို့နားတွင် သေနတ်သမားများက ကြာသပတေးနေ့က ပစ်ခတ်သဖြင့် ဂျပန်သတင်းစာဆရာနှစ်ဦးနှင့် ၎င်းတို့၏စကားပြန်လည်း သေဆုံးသွားခဲ့ကြောင်း ဘဂ္ဂဒက်ရှိ ဆေးရုံနှင့်မိသားစုသတင်း ရပ်ကွက်များက ပြောကြားသည်။ ကားပေါ်တွင် သတင်း ထောက်နှစ်ဦး၊ စကားပြန်နှင့် ယာဉ်မောင်းသူတို့ပါရှိကြောင်း သိရသည်။ သတင်းထောက်နှစ်ဦးသည် ဆာမာဝါမြို့မှ သတင်းယူပြီး ပြန်လာခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ပြည်ပရောက် အီရတ်တို့ပေးသည့် လွဲမှားသည့်သတင်းများ သေချာစွာမဆန်းစစ်မိကြောင်း နယူးယောက်တိုင်းမ်ဝန်ခံ

နယူးယောက် မေ ၂၆

ဆက်ဒမ်ဟူစိန်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိကြောင်းဖော်ပြရန်နှင့် ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် ဆုံးဖြတ်ထားသော ပြည်ပရောက်အီရတ်တို့ထံမှရရှိခဲ့သည့် သတင်းကို သေချာစွာမဆန်းစစ် မိခဲ့ကြောင်း နယူးယောက်တိုင်းမ်က ဗုဒ္ဓဟူးနေ့တွင် ဝန်ခံလိုက်သည်။

နယူးယောက်တိုင်းမ်က တစ်ချိန်က ဝါရှင်တန်၏ ထိပ်တန်းအပေါင်း ဖော်ဖြစ်ခဲ့သူ ပြည်ပရောက် အာမက်ချာလာဘီကို အားထားခဲ့ကြောင်း၊ လွန်ခဲ့သည့်သီတင်းပတ်ထိတိုင်အောင် ထောက်လှမ်းရေးသတင်းများအတွက် ချာလာဘီကို အမေရိကန်ပြည်ထောင်စုက ငွေပေးခဲ့ရကြောင်း ရေးသားဖော်ပြသည်။ ဘုရှ်အစိုးရသည်လည်း ဆက်ဒမ်သည် လက်နက်အစီအစဉ်များ လုပ်နေသည်ဆိုသည့် မတိကျသော၊ မပြည့်စုံသော ထောက်လှမ်းရေးသတင်းများအပေါ် အားထားခြင်းဖြင့် မှားခဲ့ကြောင်း၊ အီရတ်၌ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဟူ၍ ဘာတစ်ခုမျှ ရှာမတွေ့ခဲ့ကြောင်း သတင်းစာက ရေးသားသည်။

အမေရိကန် အုပ်ချုပ်ရေးအရာရှိများသည် ယခုအခါ ၎င်းတို့သည် တစ်ခါတစ်ရံ ပြည်ပရောက်သတင်းရပ်ကွက်များထံမှ လွဲမှားသောသတင်းများ၏ အလှည့်စားခံရကြောင်း ဝန်ခံပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဆန္ဒပြသူများက အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအား ဆန့်ကျင်ကန့်ကွက်သည့် ဆိုင်းဘုတ် များကိုင်ဆောင်ကာ မေ၂၈ရက်က ဆန္ဒပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

ရုရှားဝန်ထမ်း ၉၀ခန့် ဘဂ္ဂဒက်မှပြန်ခေါ်ယူ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံတွင် ရုရှားလူမျိုးနှစ်ဦး ချုံခိုတိုက်ခိုက်မှုကြောင့် ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ပြီးနောက် စွမ်းအင်ဝန်ဆောင်မှုကုမ္ပဏီမှ ရုရှားဝန်ထမ်း ၉၀ခန့်ကို ဘဂ္ဂဒက်မှ ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။ ရုရှားဝန်ထမ်း ၂၀၀ ကျော်ကို ပြန်လည်ခေါ်ယူရန် ရုရှားအရေးပေါ်ဝန်ကြီးဌာနက လေယာဉ်တစ်စင်းသည် ဘဂ္ဂဒက်မြို့သို့သွားရောက်ခဲ့သည်။

ကျန်ရှိသူများကို ပြန်လည် ခေါ်ဆောင်ရန် နောက်ထပ်လေယာဉ်တစ်စင်းကို ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း သိရသည်။ ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် ချုံခိုတိုက်ခိုက်မှုတွင် အခြားဝန်ထမ်း ငါးဦးလည်း ဒဏ်ရာရရှိခဲ့ရာ အချို့က ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(စီစီတီဗွီ)

အမေရိကန်တို့ခန့်အပ်သော အီရတ်အုပ်ချုပ်မှုကောင်စီဝင်လိုက်ပါလာသော ယာဉ်တန်း ချုံခိုတိုက်ခိုက်ခံရပြီး ကောင်စီဝင်လွတ်မြောက်သွား၊ သားဖြစ်သူသေဆုံး

ဘဂ္ဂဒက် မေ ၂၈

အီရတ်၏ အမေရိကန်ခန့်အပ်သော အုပ်ချုပ်မှုကောင်စီဝင်တစ်ဦးသည် သူမ၏ ယာဉ်တန်းအား ကြာသပတေးနေ့၌ ချုံခိုတိုက်ခိုက်ခြင်းမှ လွတ်မြောက်သွားခဲ့သော်လည်း သူမ၏သားစီးလာသော ကားမှာ တိုက်ခိုက်မှုအတွင်း မြစ်ထဲထိုးကျသွားသဖြင့် သူမ၏သား သေဆုံးသွားကြောင်း အခြားကောင်စီဝင်များ၏ လက်ထောက်အရာရှိများက ပြောကြားသည်။

အီရတ်အုပ်ချုပ်မှု ကောင်စီဝင် ဆာလာမာအယ်လ်ခါဖာကျီ၏ ယာဉ်တန်းကို အမည်မဖော်ပြနိုင်သော သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ရာတွင် သက်တော်စောင့်သုံးဦးဒဏ်ရာရရှိခဲ့သည်။

ရောက်ရှိ

ဆာလာမာအယ်လ်ခါဖာကျီမှာ နာဂျက်ဖ်မြို့တွင် အီရတ်ပြည်သူ့စစ်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲများ အဆုံးသတ်ရေးအတွက် စေ့စပ်ဆွေးနွေးရန် နာဂျက်ဖ်မြို့သို့ ရောက်နေခြင်းဖြစ်သည်။

ပြောကြား

ဒဏ်ရာရသူအချို့ရှိသော်လည်း ခါဖာကျီမှာမူ ဒဏ်ရာရခြင်းမရှိကြောင်း စေ့စပ်ဆွေးနွေးပွဲအတွက် နာဂျက်ဖ်သို့ ရောက်နေသူအခြား အုပ်ချုပ်မှုကောင်စီဝင် မိုဟာမက်ဘာဟာအယ်လ်အူလွမ်၏ လက်ထောက်အရာရှိက ပြောကြားသည်။

တိုက်ခိုက်မှုသည် လုပ်ကြံရန်ကြိုးပမ်းခြင်း သို့မဟုတ် ယာဉ်တန်းများ မကြာခဏတိုက်ခိုက်ခြင်းခံရသော ဒေသတွင်း ဓားပြတိုက်ခြင်း ဟုတ်မဟုတ် မရှင်းဟု ဆိုသည်။ ယာဉ်တန်းသည် ယူဆူဖီယာ မြစ်အနီး၌ တိုက်ခိုက်ခံရရာ ခါဖာကျီ၏သား ပါလာသောကားသည် မြစ်ထဲသို့ ထိုးကျသွားခဲ့သည်ဟု လက်ထောက် အရာရှိများက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ကူဖာမြို့တွင် အီရတ်ခေါင်းဆောင်အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားတစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို မေ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

ကျို့မင်းဆက်၏ မီတာ ၁၅၀၀ ရှိ မြို့တံတိုင်းတစ်ခု တရုတ်ပြည်အနောက်မြောက်ပိုင်း၌ တူးဖော်တွေ့ရှိ

စီယင် မေ ၂၈

တရုတ်ပြည်အနောက်ပိုင်း ကျို့မင်းဆက်(၁၁ ရာစု ဘီစီ ၇၇၁ ဘီစီ)က မီတာ ၁၅၀၀ရှိ မြို့တံတိုင်းတစ်ခုကို တရုတ်ပြည်အနောက်မြောက်ဘက် ရှန်စီပြည်နယ် ကျီရှန်ဒေသ ကျိုဂွန်းဘုရားကျောင်းရှိ အသစ်တွေ့ရှိသော သချိုင်းအုပ်စုဝန်းကျင်တွင် တွေ့ရှိခဲ့ကြောင်း တရုတ်ရှေးဟောင်းသုတေ သန ပညာရှင်များက အင်္ဂါနေ့တွင် ပြောသည်။

တရုတ်ပြည်အနောက်ပိုင်း ကျို့မင်းဆက်၏ မြို့တော်ဖင်ဂါအိုဌ် သုတေသနပညာရှင်များ တူးဖော်ရာတွင် မြို့တံတိုင်းမှ ရှေးဟောင်းအမွေအနှစ်တစ်စုံတစ်ရာ ရှာဖွေမတွေ့ရှိကြောင်း၊ ကျိုဂွန်းဘုရားကျောင်းရှိ မြို့တံတိုင်းကို ရှာဖွေတွေ့ရှိမှုသည် အနောက်ပိုင်း ကျို့မင်းဆက်၏ သမိုင်းကိုလေ့လာရာတွင် ကြီးမားသောအရေးပါမှုဖြစ်ကြောင်း ကျိုဂွန်းဘုရားကျောင်း၌ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုတွင် ပူးပေါင်းဆောင်ရွက်ခဲ့သော ပီကင်းတက္ကသိုလ်၏ ရှေးဟောင်းသုတေသနကျောင်းမှ တွဲဖက်ပါမောက္ခလီစင်ရှန်က ပြောသည်။

အဆိုပါ မြို့တံတိုင်းကို တရုတ်ပြည်တွင် မည်သည့်အခါကမျှ တူးဖော်တွေ့ရှိခဲ့ခြင်းမရှိခဲ့ဖူးသည့် အနောက်ပိုင်း ကျို့မင်းဆက်၏ အမြင့်ဆုံးသချိုင်းဟု ထင်ရသည့်အသစ်တွေ့ရှိသော သချိုင်းအုပ်စုဝန်းကျင်တစ်လျှောက် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်း နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များချီးမြှင့်သည်။ (ယာပုံ)

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးခင်မောင်ဝင်း၊ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ် များမှ ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ ရှေ့နေချုပ်ရုံးနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ နည်းဥပဒေ၊ စေ့စပ်ညှိနှိုင်းမှု ဘာသာရပ်များကို သင်ကြားပို့ချခဲ့သည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ဖြစ်သည်။

(သတင်းစဉ်)

▼ ရှေ့ဖုံးမှ

အထူးသဖြင့် ဝင်းသူဇာအရောင်းဆိုင်များတွင် မြန်မာ့အထည်အလိပ်လုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက ထုတ်လုပ်သော ပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းကထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများဖြင့် စုစုပေါင်း ကုန်ပစ္စည်း အမယ်ပေါင်း ၃၂၀ ကျော်ကို နေ့စဉ် ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်ကလည်း ထုတ်လုပ်မှု သမဝါယမလီမိတက်များက ထုတ်လုပ်သည့် စားကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများ၊ စာရေးကိရိယာများနှင့်စာနယ်ဇင်းများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများမှ အပ်ကုန်ပစ္စည်းများကို နေ့စဉ်ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

အလားတူ ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေး မျက်မှန်ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများ ဦးစီးသော မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက်ကိရိယာများဖြင့် မျက်စိစမ်းသပ်ပေးသည့် အပြင် မျက်မှန်များကိုလည်း ဆောင်ရွက်ပေးသကဲ့သို့ အမျိုးသမီးညီလာခံ ကိုယ်စားလှယ်များအတွက် အလှပြင်ဆိုင်ကိုပါ ဖွင့်လှစ်ပေးထားပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အရောင်းဆိုင်၊ ဆံသဆိုင်၊ ဓာတ်ပုံဆိုင်နှင့် အခြား စားသောက်ဆိုင်များကိုလည်း နေ့စဉ် ပိတ်ရက်မရှိ ဖွင့်လှစ်၍ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကာ လိုအပ်သော ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ လိုအပ်သည်များကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်စေရန် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ သက်သာချောင်ချိရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်ခန်းများ၊ မြန်မာမျက်မှန်ဆိုင်၊ ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း(ဂျီအီးစီ) အရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ညီလာခံကိုယ်စားလှယ်များ ဝယ်ယူကြစဉ်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပြည်ဆယ်ထပ်ကြီးဘုရား ဘက်စုံမွမ်းမံရေး လှူဒါန်းနိုင်

ရန်ကုန် မေ ၂၉

ပြည်မြို့ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရား ဘက်စုံမွမ်းမံ ပြုပြင်ရန်အတွက် ဆယ်ထပ်ကြီးဘုရား ရင်ပြင်တော်ပေါ်မှအပ အခြားမည်သည့် ဒေသကိုမှ အလှူခံစေလွှတ်ခြင်း မရှိကြောင်းနှင့်လှူဒါန်းလိုသူများ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရား ဂေါပကအဖွဲ့ရုံး ပြည်မြို့ ဖုန်း-၀၅၃-၂၁၀၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈း၁၅	၆။	ဂုံညင်းတန်းတံတား
၈း၃၀	၇။	International News
၈း၄၅	၈။	Say it in English
၉း၀၀	၉။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၄၆)
၁၂း၁၀	၅။	ကပ်တဲလ်ကြိုးတံတား
၁၂း၂၀	၆။	မြန်မာရုပ်ရှင် **"သံယောဇဉ်ယဉ်စွန်းတန်း"** (ကျော်ဟိန်း၊ နိုင်းနိုင်း၊ ထက်ထက်မိုးဦး၊ ချိုပြုံး) (ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင်)
၁၄း၁၅	၇။	စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေမြန်မာ့ရွက်လှေ (အပိုင်း-၁)
၁၄း၂၅	၈။	တေးဂီတအစီအစဉ်
၁၄း၃၅	၉။	ဘိုင်းဒါးရေလှောင်တမံ
၁၄း၄၅	၁၀။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၇း၀၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၁၇း၀၀	၅။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၅	၆။	အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာ အစားအစာ(ချင်း)
၁၇း၃၀	၇။	တေးဂီတအစီအစဉ်
၁၇း၄၀	၈။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈း၅၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၁၆)
၁၉း၃၅	၁၃။	အေးချမ်းဝေစည် ကွမ်းလုံဒေသဆီ
၁၉း၄၅	၁၄။	"ကျေးလက်ဒေသတစ်ခွင် အလှဆင်"
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာဗီဒီယိုဇာတ်လမ်း **"အချစ်သို့ဦးညွတ်ခြင်း"** (အပိုင်း-၂) (လွင်မိုး၊ နန္ဒာလှိုင်၊ ရတနာခင်) ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္လာနေ့)နှင့် နောက်ဆုံးပတ် (တနင်္လာနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ မေလအတွက် နောက်ဆုံးပတ် (တနင်္လာနေ့) (၃၀-၅-၂၀၀၄)ရက်နေ့

၂၀၀၄ခုနှစ်၊ ဇွန်လအတွက် (၁၃-၆-၂၀၀၄)ရက်နေ့ နှင့် (၂၇-၆-၂၀၀၄)ရက်နေ့

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သင်ဘာကို အလိုရှိပါသလဲ

ပင်လယ်နှင့်သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော

WANTED! Seas and Oceans - Dead or Alive?



မေ ၁၇ ရက်က ကျောက်တန်းမြို့ ကမ်းနားလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး အတွက် မင်းလမ်းရှိ အဓိက ရေနုတ်မြောင်းများ ပြန်လည်တူးဖော် ဆယ်ယူခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကြည်တင်

နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ ညောင်တုန်းမြို့နယ်တွင် ရေယာဉ်ဖြင့် ညောင်တုန်းရေကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ညောင်တုန်းမြို့ ရေလမ်းကြောင်းလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့သို့ရောက်ရှိကြပြီး ရေယာဉ်ဖြင့် ညောင်တုန်းရေကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေယာဉ်ဖြင့် စက္ကော့ရေကြောင်း ဖွံ့ဖြိုးတိုးတက်လာမှု၊ ရေကြောင်း အကျယ်ပြောင်းလဲ ကျယ်ပြန့်လာမှုနှင့် အထွက်ရေကြောင်း ညောင်တုန်း ဗိုလ်မြတ်ထွန်းတံတား ရန်ကုန်ဘက် ကမ်းသို့ ဦးတိုက်စီးဆင်းလာမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ပင်ဆည်ဘက်ကမ်းမှ ရေစီးကြောင်းခွာလျက် ဧရာဝတီမြစ် အလယ်ကြောအတိုင်း စီးဆင်းစေရန် ဆောင်ရွက်ထားရှိသည့် ရေလွှဲတန်းများ တည်ဆောက်ထားရှိမှုနှင့် အကျိုးသက်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီ တံတားအူကြောင်း အထက်၊ အောက် ကြိမ်ပင်ဆည် ဘက်ကမ်း ကမ်းထိန်းအစီအမံ တည်ဆောက်ထားမှုများကို ရေကြောင်းမှ တစ်ဆင့် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ရေကြောင်း ပြောင်းလွဲသွားမှု အခြေအနေအရ ရေယာဉ်များ ခုတ်မောင်းသွားလာ ရန် ရေလမ်းကြောင်း သတ်မှတ်ချက်များဖြစ်သည့် အစုန်ရေကြောင်းယခင် တိုင်အမှတ် ၁၅၊ ၁၆ မှ ယခု ၁၄၊ ၁၅ အဆန်ရေကြောင်း ယခင် ၁၃၊ ၁၄ မှ ယခု ၁၁၊ ၁၂ သို့ ပြောင်းရွှေ့ခြင်းဖြင့် ကြိမ်ပင်ဆည်ဘက်ကမ်းမှ ရန်ကုန်ဘက်ကမ်းသို့ ပြောင်းလဲသတ်မှတ်ထားသည့် ရေကြောင်းများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ပင်ဆည် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရေဘက်ဆိုင်ရာ အင်ဂျင်နီယာ ဌာနမှူး ဦးလှမြင့်သိန်းက ရေကြောင်းပြောင်းလဲမှု အစီအမံများ၊ ကမ်းထိန်း အစီအမံများနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဦးဖေသန်းက အစီအမံအရ ဆောင်ရွက်ထားသည့် လုပ်ငန်းများအလိုက်အကျိုးသက်ရောက် ဖြစ်ထွန်းမှုရှိကြောင်း၊ တံတားတိုင်အလိုက် ရေအနက်ပြောင်းလဲလျက် ကြိမ်ပင်ဆည်ဘက်ကမ်းမှ ရန်ကုန်ဘက်ကမ်းသို့ ရွှေ့လျားလာပုံနှင့် ရေလွှမ်းပြင် မြင့်တက်စေရန်အတွက် ဆောင်ရွက်ရမည့် နုန်းဖမ်း အစီအမံများကို ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ကုန်းတွင်းပိုင်း မြေသား မြင့်တက်ရေးအတွက် အစီအမံများ ဆောင်ရွက်ရန် မှာကြားကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ဧရာဝတီတိုင်းအတွင်း ဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ကျောင်းကုန်း၊ ပန်းတနော်နှင့် ညောင်တုန်းမြို့များသို့ ရောက်ရှိ၍ စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းစခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မိုးဦးပန်းခန်းမ၌ ကျင်းပသော အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ဗဟန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မိုးဦးပန်းခန်းမ၌ ကျင်းပရာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်တို့ တက်ရောက် အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဦးနုနှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အတွင်းရှိ အခြေခံကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး မြို့နယ်ဦးစီးကော်မတီ အတွင်းရေးမှူး မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ကျောင်းအပ်နှံရေးနေ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့် အလှူရှင်များလှူဒါန်းသည့် ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေ များကို ဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သိန်း၊အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် တာဝန်ရှိသူများက ပေးအပ်ကြရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဦးနုနှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် အခြေခံကျောင်းများမှ ပစ္စည်းလက်ခံရေးအဖွဲ့များက လက်ခံကြပြီး အလှူရှင်များကိုယ်စားအလှူရှင် ဒေါ်စန်းစန်းမြင့်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း

ဓနိပင်ကြီးမြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံစရိတ်ပေးအပ်

ရန်ကုန် မေ ၂၉

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဓနိပင်ကြီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဗဟိုလေ့ကျင့်ရေးဌာန တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ စရိတ် ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ ရက်တွင် အဆိုပါ ဗဟိုလေ့ကျင့်ရေးဌာန အရာရှိလောင်း ညှော်ရိပ်သာ၌ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ ဒုတိယကျောင်းအုပ်ကြီး ရဲမှူးကြီးကျော်ဌေးနှင့် တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်နှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ တပ်ဖွဲ့မိသားစုဝင်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယကျောင်းအုပ်ကြီး ရဲမှူးကြီးကျော်ဌေးက တပ်ဖွဲ့ မိသားစုဝင် အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူ ၁၇၇ ဦးနှင့် ဓနိပင်ကြီးကျေးရွာနှင့် ပေပင်ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲတို့မှ ကျောင်းသားကျောင်းသူ သုံးဦးတို့အတွက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ထောက်ပံ့ငွေ ကျပ် ၇၉၃၄၀၀ ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဗဟိုလေ့ကျင့်ရေးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်မြင့်ထံ ပေးအပ်သည်။ **(သတင်းစဉ်)**

မဲဆောက်-မြဝတီ-ဘားအံ-သထုံလမ်းဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ အပြန်အလှန်ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ မဲဆောက်-မြဝတီ-ဘားအံ-သထုံလမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး Dr. Kitti Limskul ခေါင်းဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Suphot Dhirakaosal အပါအဝင် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၀ဦး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးဦးတင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဦးဖေသန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး Dr. Kitti Limskul ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ မဲဆောက်-မြဝတီ-ဘားအံ-သထုံလမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် တနင်္သာရီဒေသတွင် ဖြစ်နိုင်ခြေရှိသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး Master Plan ရေးဆွဲ၍ ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ကိုလည်း အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အမှာစကားပြောကြားစဉ်။

(ဆက်သွယ်ရေး)

အမျိုးသမီးများအားအကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေးဟောပြော

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးရုံး၏ စုဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ စုစုပေါင်း ၅၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်ငွေငွေက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးဒေါ်ကျင်စန်းက အမျိုးသမီးများ၏ ဥပဒေအရ ရရှိထားသော အခွင့်အရေးများအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့သို့ အလှူငွေကျပ် ၂၀၀၀၀၀ ကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ဝင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးဒေါ်မူမူဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မာလာတင့်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၂၉ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်အစည်းအဝေး၊ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေရဲရိပ်သာ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ငွေး ဆုရရှိသူအား ဆုချီးမြှင့်စဉ်။ (သတင်း-၁၄) (သတင်းတပ်ဖွဲ့)

● စိုက်ပျိုးရေမှ

မုန်းချောင်း အစုအဖွဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံချက်အရ (၁) ဘူးရွာ ရေလှောင်တမံစီမံကိန်း၊ (၂) မုန်းချောင်း ရေလှောင်တမံစီမံကိန်း၊ (၃) ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်းများဖြစ်ကြပြီး မုန်းချောင်း ရေလှောင်တမံစီမံကိန်းမှာ တည်ဆောက်ပြီးစီးလုရှိနေပြီဖြစ်၍ မကြာမီ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်တော့မည် ဖြစ်သည်။

တည်ရှိ

ဘူးရွာ ရေလှောင်တမံစီမံကိန်းမှာ လက်ရှိ တည်ဆောက်ပြီးစီးလုရှိနေပြီဖြစ်သော မုန်းချောင်း ဘက်စုံရေလှောင်တမံစီမံကိန်း၏အထက်ဘက် ၁၃ မိုင်အကွာတွင်ရှိ၍ ကြီးအုံကြီးဝ ရေလှောင်တမံ စီမံကိန်းမှာ မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ အောက်ဘက် ၁၅မိုင်ခန့်အကွာတွင် တည်ရှိသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘူးရွာရေလှောင်တမံစီမံကိန်းသို့ လွန်ခဲ့သော ဧပြီ ၁၆ရက်က သွားရောက်လေ့လာခဲ့ကြသည်။ မြန်မာ့အလင်းအဖွဲ့နှင့် မုန်းချောင်း ရေလှောင်တမံစီမံကိန်း တည်ဆောက်ရေး(၈)မှ ဒုတိယညွှန်ကြားရေးမှူးဦးအေးငွေတို့ မုန်းချောင်း ရေလှောင်တမံ ရေလှောင်ကန်မှ တစ်ဆင့် စက်လှေဖြင့် သွားကြပြီး ခွေးမလောင်ကျေးရွာမှတစ်ဆင့် ဘူးရွာရေလှောင်တမံသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ကြရသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးအေးငွေက ဘူးရွာရေလှောင်တမံ ယာယီ ရှင်းလင်းဆောင်၌ ရှင်းလင်းပြရာတွင် မုန်းချောင်းအစုအဖွဲ့ ရေလှောင်တမံအဖြစ် ရေလှောင်တမံသုံးခုကို တည်ဆောက်ပြီး ရေအားလျှပ်စစ်များ ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ရေအားလျှပ်စစ်ထုတ်လုပ်မည်

ဘူးရွာမှာ မုန်းချောင်းရေလှောင်တမံ၏အထက် ၁၃မိုင်အကွာ၌ တည်ဆောက်ခြင်းဖြစ်ကြောင်း။ ဘူးရွာရေလှောင်တမံ တည်ဆောက်ခြင်းအားဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထွက်လာသောရေများကို အောက်ဘက် ၁၃မိုင်အကွာရှိ မုန်းချောင်းရေလှောင်တမံမှ ဒုတိယအကြိမ်တားဆီးရန် ရေအားလျှပ်စစ် ထုတ်လုပ်မည်ဖြစ်ကြောင်း။

မုန်းချောင်း ရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထွက်လာသော ရေများကို မုန်းချောင်းရေလှောင်တမံအောက်ဘက် ၁၅မိုင်ဝေးသော မဲဇလီဆည် အထက်၌ ကြီးအုံကြီးဝ ရေလှောင်တမံကို တည်ဆောက်ပြီး ရေအားလျှပ်စစ် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ကြီးအုံကြီးဝ ရေလှောင်တမံကို တည်ဆောက်၍ လျှပ်စစ်ဓာတ်အား၆၆မဂ္ဂါဝပ် ရေအားလျှပ်စစ်ကိုထုတ်လုပ်ရန် တည်ဆောက်ရေး (၃)က စီမံကိန်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဘူးရွာ ရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃မိုင်ခန့်အကွာတွင်ရှိပြီး မုန်းချောင်းပေါ်တွင် တည်ဆောက်ခြင်းဖြစ်သည်။ ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၁၂၀၀ရှိ၍ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၄၅လက်မရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧက ပေ ၂၈၆၁၀၀၀ ရှိသည်။

တမံအမျိုးအစား

တမံအမျိုးအစားမှာ ဇုန်တမံအမျိုးအစားဖြစ်၍ တမံအလျားသည် ပေ၆၈၀၀နှင့် အမြင့်ပေ၂၄၀ သတ်မှတ်လျာထားသည်။ ကန်ရေပြည့်မှာ ပင်လယ်ပြင်အထက်ပေ ၇၇၀၊ ကန်ရေသေအမှတ်မှာ ပင်လယ်ပြင်အထက်ပေ ၆၆၀ရှိမည်ဖြစ်သည်။ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧက ပေ ၆၈၀၀၀၀၊ ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၉၀၀၀၀ ရှိမည်ဟုသိရသည်။

မုန်းချောင်းကိုဖြတ်၍ ဘူးရွာရေလှောင်တမံစီမံကိန်းသို့ စက်တပ်သမ္ပန်ဖြင့်အသွားတွင် ဒုတိယညွှန်ကြားရေးမှူးဦးအေးငွေက ဘူးကျေးရွာရေလှောင်တမံစီမံကိန်းနှင့်ပတ်သက်၍ မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဘူးရွာရေလှောင်တမံမှ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ထုတ်လုပ်နိုင်ရန် မဂ္ဂါဝပ်၂၀ သုံးလုံးဖြင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၂၀ကို ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဘူးရွာ ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင်ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၃၂၀ ထုတ်လုပ်နိုင်ခြင်း၊ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းမှ နှစ်စဉ် ကီလိုဝပ် နာရီသန်းပေါင်း ၃၃၀ အပြင် ကီလိုဝပ်နာရီသန်း၂၀၀ ထပ်မံ တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ ကြီးအုံကြီးဝ ရေလှောင်တမံ စီမံကိန်းမှ မူလထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အား တစ်နှစ်ကီလိုဝပ် နာရီသန်းပေါင်း ၃၀၀ အပြင် ထပ်မံ၍ ကီလိုဝပ်နာရီ သန်းပေါင်း ၁၅၀ ကို ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ခြင်း အစရှိသော အကျိုးသက်ရောက်မှုများ ရရှိမည်ဖြစ်သည်။

စတင်ဆောင်ရွက်

ဘူးရွာ ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်နှင့် ဆည်မြောင်းဌာနရှိ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ရန် မှာကြားပြီး ဝန်ကြီးကိုယ်တိုင် ဖေဖော်ဝါရီလ၌ လာရောက်ကြည့်ရှုမှုအရ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်မှ စတင်ပြီး လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိသည်။

ဘူးရွာ ရေလှောင်တမံစီမံကိန်းအရ လုပ်ငန်းစတင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် (၁)ဆက်သွယ်ရေးလမ်းဖောက်လုပ်ခြင်း၊ (၂)ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ခြင်း၊ (၃) တမံအူကြောင်း ရွေးချယ်သတ်မှတ်နိုင်ရန် မြေပြင်တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ (၄) ရေဝပ်ဧရိယာနှင့် အူကြောင်းတစ်လျှောက် တောရှင်းခြင်း၊ (၅)ဘူမိဗေဒဆိုင်ရာ အချက်အလက်များနှင့် မြေနမူနာများ ရယူစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဘူးရွာ ရေလှောင်တမံစီမံကိန်းကို မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် အတွေ့အကြုံ အထိုက်အသင့် ရရှိပြီးသော အင်ဂျင်နီယာဝန်ထမ်းများ၊ လုပ်သားများက တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဘူးရွာ ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မုန်းချောင်းရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် အားလုံးအတူတူနီးပါးမျှ တည်ဆောက်ကြရမည်ဟု သိရသည်။ မုန်းချောင်းရေလှောင်တမံတည်ဆောက်သကဲ့သို့ တောင်ကြောများ ပတ်လည်ဝိုင်းနေသော ဘူးရွာ ရေလှောင်တမံစီမံကိန်းတွင်လည်း ရေလွှဲဥမင်လိုဏ်တည်ဆောက်နိုင်ရန် တောင်ကိုဖောက်ရခြင်း လုပ်ငန်းကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဘူးရွာရေလှောင်တမံ တည်ဆောက်ရာတွင် မုန်းချောင်းပေါ်၌ တည်ဆောက်ရမည်ဖြစ်သောကြောင့် ချောင်းကြမ်းပြင်၌ ကျောက်စရစ်ခဲများရှိနေသဖြင့် မုန်းချောင်းရေလှောင်တမံနည်းတူ ချောင်းကြမ်းပြင်အောက် ပေ၅၀မှ ၆၀ အထိ ရေစိမ့်တားနံရံများ တည်ဆောက်ပြီး တမံမှရေစိမ့်ထွက်ခြင်း မရှိစေရန် ဇုန်အမျိုးအစားတမံကို တည်ဆောက်ကြရမည်ဟု သိရှိရသည်။ မုန်းချောင်းပေါ်တွင် တည်ဆောက်သော မုန်းချောင်းဆည် အစုအဖွဲ့ သုံးခုဖြစ်သော ဘူးရွာ ရေလှောင်တမံ၊ မုန်းချောင်း ရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့တွင် ရေစိမ့်တားနံရံများ တည်ဆောက်ခြင်းဖြင့် တမံမှ ရေစိမ့်ထွက်ခြင်းမရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မုန်းချောင်းဆည် အစုအဖွဲ့များဖြစ်သော စီမံကိန်းသုံးခုကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပါက နှစ်စဉ်တစ်နှစ်လျှင်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၁၃၀၀ခန့် ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သည်။ ဘူးရွာ ရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၈)မှ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၌ အတွေ့အကြုံရှိခဲ့သော အင်ဂျင်နီယာဝန်ထမ်းများနှင့်လုပ်သားများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည့် အလျောက် ပံ့ပိုးမှုများ ဖြည့်ဆည်းပေးခြင်းအပေါ်မူတည်ပြီး မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကာလများထက် ပိုမို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးမည်ဟု မျှော်မှန်းမိပါကြောင်း ရေးသားဖော်ပြလိုက်ရပါတော့သည်။ ။

(မြန်မာ့အလင်း)

30-5 (09).p65 1 03/26/1905, 2:33 PM

ပြည်ပဒေသနာခရီးမှ ပြန်လည်ကြွရောက်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန် လမ်းမ အမှတ် ၆ ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒကနှင့် ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ အရှင်ဝိစာရတို့သည်နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံ ပြည်ပဒေသနာခရီးမှ မေ ၂၈ရက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် ပြန်လည် ကြွရောက်လာရာ ရိပ်သာဝေယျာဝစ္စ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌာရေးမှူး ဦးအုန်းရွှေနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

ဖွံ့ဖြိုးတိုးတက်နေသော မွေးချင်းတို့ရဲ့ရွာကလေး

စာရေးသူ၏မွေးဖွားရာဇာတိမှာ မြစ်ဝကျွန်းပေါ် တော်တလူချောင်းဘေးက ရေတိမ်ဆိုသည့် အညာစုအင်းရွာကလေးဖြစ်သည်။ ဂယက်ကနူး၊ ဂယက်လု လေလံအင်းကြီးတွေရှိသည်။ နောက်ချုပ်၊ ဘဝင်းခြုံ၊ ကွန်ပစ်၊ ပိုက်ချ၊ ငါးရှာမြှုံးထောင်၊ ဂေါ်ကော်၊ ယက်သယ့်ဆွဲအလုပ်ဖြင့် ငါးပုစွန်ရှာဖွေရရှိသည်။

ကန်စွန်းရွက်၊ကညွတ်ရွက်၊ ကနဖော့၊ ထိကရုန်း၊ ကောက်ရိုးနွယ်၊ ဖလံတောင်ဖေ့း၊ ဇရစ်ရိုး၊ လဲလူ၊ ကင်းပုံ၊ ချဉ်ပေါင်၊လက်ခြား၊ ဉာဏ်ပွင့်ချဉ်၊ ခံတက်ချဉ်၊ မန်ကျည်းရွက်၊သဖြုသီး၊ကင်ပလင်းရွက်၊ ကြာရိုး၊ ကြာစွယ်၊ စာလေးခြောက်တောက်၊ လယ်ပတူ၊မှိုနတို၊ ကန့်ကလာ၊ သေိုင်ရုံး၊ ကျည်းရွက်နု၊ သပွတ်ညွှန့်၊ ရင်းနှောင်းညွှန့်၊ ဂျုတ်ညွှန့်ဆိုသည့် ဟင်းဖတ်ဟင်းရွက်တွေလည်း အလိုလိုပေါက်ရောက်လျက်ရှိသည်။ ငါးပိ၊ ငါးခြောက်နှစ်လုံးပေါက် ဝမ်းစာထည့်၍ စားနိုင်သည်။မိုးရာသီတွင် စိမ့်ကြီး၊ မြိုင်ကြီး၊ ပင်လယ်ကြီး၊ အင်းကြီးလို ကွင်းပြင်ကျယ်ကြီးဖြစ်သော်လည်း ဆောင်းလယ်နှင့်နွေဦးမှစ၍ ရေကျနောက်စိုက် နွေစပါးစိုက်သည်။

ဧရာဝတီတိုင်းမြစ်ဝမြေနုကျွန်းပေါ်ဒေသ တော်တလူချောင်းဘေးမှ ထိုအင်းရွာကလေးသည် တစ်ချိန်က ရောင်စုံသောင်းကျန်းသူများ၏ စားကျက်တစ်ခု ဖြစ်ခဲ့သည်။ စာရေးသူတို့ ငယ်စဉ်က အိမ်ခြေနှစ်ဆယ်ကျော်ခန့်သာရှိသည်။ ထိုစဉ်က ရွာသူရွာသားများမှာ အလွန်ဆင်းရဲ ဒုက္ခရောက်ကြရသည်။ ရွှေငွေကို မဆိုထားနှင့် လူမှာတန်ဖိုးအရှိဆုံးသော အသက်ကိုပင် ဖက်နှင့်ထုပ်၍ ထားခဲ့ကြရသည်။

သောင်းကျန်းသူတို့က မှတ်ပုံတင်နှင့်သန်းခေါင်စာရင်းကိုပင်မီးရှို့ကြသည်။ လူကိုကျင်း၊ လှည်းကိုထင်း၊ နွားကိုဟင်း၊ ဆက်ကြေးမျိုးစုံ ပေးမကုန်အောင် ဖြစ်ခဲ့သည်။ ဒေသခံတို့မှာ စားဖို့ပင်မကျန်တော့ပါ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧရာဝတီတိုင်းခရီးစဉ်တွင်-

“ယခင်အချိန်က ဧရာဝတီတိုင်းသည် တည်ငြိမ်အေးချမ်းမှုမရှိဘဲ သောင်းကျန်းမှုအန္တရာယ်များရှိခဲ့ခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခဲ့ခြင်းတို့ကြောင့် ဖွံ့ဖြိုးရေးတိုးတက်မှု နှောင့်နှေးခဲ့ရကြောင်း”

ဟူ၍ မိန့်ကြားခဲ့သည်။

စာရေးသူ ဤဒေသကို အသုံးလုံးဆရာအဖြစ်နှင့် တစ်ခေါက်ပြန်ရောက်ခဲ့သည်။ တပ်မတော်က နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးတည်၍ ရွှေလင်းယုန်နှင့် မိုးဟိန်းအဆင့်ဆင့် စစ်ဆင်ရေးများ၊ အောင်စိုးမိုးစစ်ဆင်ရေးတို့ဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ သောင်းကျန်းသူများကို ဖြတ်လေးဖြတ်စနစ်ဖြင့် စစ်ဆင်ရေး ဆင်နွှဲနေသည်ကို ကြုံတွေ့ခဲ့ရသည်။ စာရေးသူငယ်ငယ်က ပျော်ပိုက်ခဲ့သော ဧရာဝတီတိုင်းမှ ရွာကလေးကို မရောက်ဖြစ်ခဲ့တာ နှစ်လေးဆယ်ကျော်ခဲ့ပါပြီ။

ယခုတစ်ခေါက် ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်တော့ စာရေးသူအတွက် မြင်ကွင်းတွေက တိုးတက်သစ်လွင်ပြောင်းလဲနေသည်။ ရွာမှာလည်း အိမ်ခြေခုနစ်ဆယ်ကျော် ရှိနေပြီဖြစ်သည်။ အိမ်တိုင်းလိုလို သွပ်မိုး၊ ပျဉ်ထောင်များ ဖြစ်နေကြပြီး ရေစုပ်စက်များသုံးကာ ရေတင်ကြသည်။ ဒိုင်နမိုဖြင့် မီးစက်လည်သည်။ နွားတင်းကုပ်များကိုပင် သွပ်မိုးထားသည်မှာ အားရစရာ ဖြစ်သည်။ စာရေးသူသည် အစ်ကို၏သားဖြစ်သူနှင့် အိမ်ရာကုန်းတွင် တွေ့တော့ “တူမောင်မင်းအခု ဘာလုပ်နေသလဲ”ဟုမေးမိသည်။ တူဖြစ်သူက “ကျွန်တော် ဟသ်ာတ A.G.T.I ညနေသင်တန်းကျောင်းက အောင်ခဲ့ပါတယ်။ အိမ်ထောင်ကျပြီး ရွာမှာပဲငါးပုံစက်ထောင်ပြီး စပါးကြိတ်တယ်။ အခုတွင်ခုံ၊ ဖောက်ခုံတွေဝယ်ပြီး လယ်ယာသုံးအပိုပစ္စည်းစက်ကိရိယာ ထုတ်လုပ်နေပါတယ်”ဟု ပြန်ဖြေသည်။ “ဟိုနောက်က တောအုပ်ကြီးက ဘယ်သူစိုက်ခဲ့တာလဲကွယ့်” ဟု စာရေးသူက မေးမိသည်။

“အဲဒါ အိမ်ရာကုန်းက တောင်သူလယ်သမားတွေ ထင်းစိုက်ခင်းထူထောင်ထားတာပါ ဦးလေးရဲ့”

စာရေးသူသွားကြည့်သောအခါ ကုက္ကို၊ စစ်၊ နဘဲ၊ ပျဉ်းမ၊ ကျီး၊ မအူတို့ဖြင့် ညို့မှောင်သော တောတန်းကြီးဖြစ်နေသည်။၎င်းသစ်တောကြီးသည် ထင်းတွင်မက အိမ်ဆောက်နိုင်သည်အထိ သစ်ထုတ်လုပ်ပေးနိုင်သော သစ်တောကြီး ဖြစ်နေပါပြီ။ စာရေးသူ မနေနိုင်တော့ပါ။ “တူမောင်တို့ရွာက တိုးတက်လှချည့်လားကွ” ဟု ပြောမိသည်။

“ဒီလိုရှိတယ် ဦးလေးရဲ့၊ ကျွန်တော်တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို မိမိရွာအတွက် စိတ်ရင်းစေတနာမှန်နဲ့ တက်ကြွထက်သန်စွာ ဆောင်ရွက်ရမယ်လို့ ကျေးရွာအုပ်စုက ညွှန်ကြားထားတယ်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ လမ်းညွှန်ချက်ကိုလဲ ကျွန်တော်တို့ကို မိတ္တူဆွဲပြီး ဖြန့်ဝေပေးထားတယ်။ ကျွန်တော်က ကျေးရွာဥက္ကဋ္ဌဆိုတော့ တိတိကျကျ စည်းရုံးဆော်ဩ လုပ်ဆောင်နေပါတယ်” ဟုဆိုပြီး တစ်ဆက်တည်းမှာပင်-

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

“ကျေးလက်ဒေသရဲ့ စီးပွားရေးဟာ နိုင်ငံစီးပွားရေးပဲ ဖြစ်တယ်။ ကျေးလက်ဒေသ ကျန်းမာရေးနဲ့ ပညာရေးဟာ အမျိုးသားကျန်းမာရေးနဲ့ ပညာရေးပဲဖြစ်တယ်။ ကျေးလက်ဒေသအချင်းချင်း၊ ကျေးလက်ဒေသနဲ့ မြို့ပြတွေအကြား လမ်းပန်းဆက်သွယ်မှုတွေကောင်းမွန်အောင် ဆောင်ရွက်ပေး ရမယ်။ သောက်သုံးရေနဲ့စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရမယ်။ ကျန်းမာ ကြံ့ခိုင်တဲ့ပညာတတ်တွေဖြစ်အောင် ဆောင်ရွက်ပေးရမယ်။ ကျေးလက်ဒေသတွေ စီးပွားဥစ္စာတိုးတက်အောင် ဆောင်ရွက်ပေးရမယ်။ ပြည်သူတွေအားကိုးရတဲ့ ပြည်သူ့သားကောင်းပီသစွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို စိတ်ရင်းစေတနာ ထက်သန်စွာနဲ့ ဆောင်ရွက်ကြရမယ်”

ဟူ၍ စာရေးသူ၏ တူတော်မောင်က နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချက်ကို ရွတ်ပြနေပါသည်။

“တို့တစ်တွေရဲ့ တိုင်းပြည်ကြီးဟာ တည်ငြိမ်အေးချမ်းသွားပြီကွ။ အဲဒီတော့ တို့များရဲ့ဒေသကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နဲ့ တိတိကျကျဆောင် ရွက်ရမယ်ကွ” ဟု စာရေးသူက ပြောလိုက်မိသည်။တူအရီးနှစ်ယောက်လမ်းလျှောက်ရင်း ရွာ၏အကျယ်အဝန်း၊ လူဦးရေနှင့် မြေအသုံးချမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ အခြားသီးနှံစိုက်ပျိုးမှု၊ဝမ်းစာဖူလုံမှု၊ ပိုလျှံမှု၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးလာခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွှန့်ကလည်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါအတိုင်း မှာကြားထားကြောင်း ဆွေးနွေးဖြစ်ခဲ့ကြသည်။

“အခြေခံအကျဆုံးအဆင့်ဖြစ်သည့် မြို့နယ်များ၏ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍများတွင်လည်း ကော်မတီများဖွဲ့စည်းထားပြီးဖြစ်၍ စုပေါင်းဦးဆောင်မှု၊ စုပေါင်းအကောင်အထည်ဖော်မှုဖြင့် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရေး ရည်မှန်းချက်ဖြင့် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။ မြို့နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် မိမိမြို့နယ်အတွင်း အခြေခံကျေးလက်ဒေသများအရောက်သွားပြီး ပြည်သူများလိုအပ်ချက်၊ လိုလားချက်များကို နည်းလမ်းရှာကြံပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်(၅)ရပ် မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာပြီး ဒေသနေပြည်သူများ လက်တွေ့အကျိုးခံစားနိုင်အောင် ဖိဖိစီးစီးဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း”

နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားထားသည်။

စကားတပြောပြောနှင့် ရွာအပြင်သို့ ရောက်ခဲ့သည်။မြစိမ်းရောင် ကမ္ဘလာလွင်ပြင်ကြီးကို တစ်မျှော်တစ်ခေါ် ရင်သပ်ရှုမောစွာ တွေ့မြင်နေရသည်။

ဟိုးရှေ့ဝေးဝေး ထိန်ပင်ကြီးဆီမှ နွေတေးရှင် ဥဩငှက်က ရင့်ကျူးတေးဆိုနေသည်။ လယ်ကွင်းပြင်ကြီးများတွင် ရှင်သန်ဖြစ်ထွန်းနေသော ကောက်ပင်များက ယိမ်းသမဟန် ကပြနေသည်။ ရေကျနောက်စိုက် နွေစပါးစိုက်ခင်းတွေ ဖြစ်သည်။ စာရေးသူ၏ နားထဲတွင် ရေတင်စက်သံများ ပွဲတင်ထပ်နေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်မှာ ပီပြင်လွန်းလှသည်။ စပါး ၃၀၀ပါ စက်တပ်တံကင်းကြီးများ၊ ထော်လာဂျီနောက်တွဲယာဉ်များဖြင့် ကူးလူးယှက်သွယ်သွားလာနေကြသည်။ သောက်သုံးရေကိုလည်း စက်ရေတွင်းမှ ရသည်။ စိုက်ပျိုးရေကိုတော့ တော်တလူချောင်းမှ စက်ဖြင့်မောင်းတင်သည်။

စိုက်ပျိုးရေးဌာနက အထွက်တိုးစပါး မျိုးကောင်းမျိုးသန့်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။ ရွှေဝါထွန်း၊ ကျော်ဇေယျ၊ ရွှေသွယ်ထွန်း၊ ဆင်းဧကရီ (၁)၊ ဆင်းဧကရီ (၂)၊ မော်ဘီ (၂)၊ နံ့သာမွှေး၊ လုံးသွယ်မွှေး၊ ဧရာမွှေး၊ ရွှေဝါလေး၊ ရွှေသွယ်ရင်၊ သီးထပ်ရင်၊ စိန်တလေး၊ ဆင်းသီရိ၊ ရတနာတောင်၊ရွှေဒင်္ဂါး စသောစပါးမျိုးများကို စိုက်ပျိုးနိုင်ကြသည်။

ဤကွင်းကြီးတွင် ရေကျနောက်စိုက်စပါး တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်သည်။ နွေစပါးဧက ၃၀၀၀ ကျော်ရှိပြီး မိုးစပါးဧက ၇၀၀ကျော်ရှိသည်။ တောင်သူလယ်သမားများ ချောင်လည်စေရန်နှင့် လောင်းကစား အသောက်အစားကင်းစင်ပြီး စည်းကမ်းစနစ်တကျရှိရန် သက်ဆိုင်ရာက ဝိုင်းဝန်းစည်းရုံးပညာပေးနေသည်။

ရွာ၏ပညာရေးကို သိလိုသဖြင့် စာရေးသူက တစေ့တစောင်း မေးစမ်းခဲ့သည်။ ရွာတွဲဖက်မူလတန်းကျောင်းကလေးသည် ၁၉၉၁ ခုနှစ်၌ အစိုးရမူလတန်းကျောင်း ဖြစ်လာသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အတူ တွဲဖက်အလက ရရှိခဲ့သည်။ အနီးရှိ ကျုံတနိကျေးရွာ တွဲဖက်အထကသို့ ကျောင်းသားများသွားရောက် ပညာသင်ယူရန် စက်တပ်တံကင်းလှေကြီးတစ်စင်းကို ရွာကျောင်းပိုင်အဖြစ် ဝယ်ထားနိုင်ခဲ့သည်။ ဤရွာမှတွဲဖက်အလယ်တန်းကျောင်းထွက် တူမတစ်ဦးမှာ B.A, B.Ed. ဖြစ်ပြီး ယခုစစ်ကိုင်းရွာသစ်ကြီး ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် တာဝန်ယူထမ်းဆောင်နေသည်။ ဟသ်ာတတက္ကသိုလ် စာပေးစာယူသင်တန်းမှ B.Sc သင်္ချာဖြင့်အောင်ထားသူ ရွာသားတစ်ဦးက တွဲဖက်အလကမှာပင် ကျောင်းအုပ်ဆရာအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ရွာရှိ လယ်သမားကြီးတစ်ဦး၏ သမီးမှာ B.Com ဖိုင်နယ်ဖြစ်ပြီး ဒုတိယကျောင်းအုပ်အဖြစ် ဆောင်ရွက်သည်။ ရွာရှိ ဆယ်တန်းအောင်ပြီးသော ကျောင်းသားဆယ်ဦးနှင့် ပထမနှစ်၊ ဒုတိယနှစ် ကျောင်းသားများစုပေါင်းကာ ဤရွာတွဲဖက် အလကကို ဝိုင်းဝန်းပျိုးထောင်ပေးနေကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၏ အောင်မြင်သက်ရောက်မှုကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေဖူလုံပြီး ပညာရည်အဆင့်အတန်းမြင့်မားကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျက် စီးပွားရေးတိုးတက်လာပုံများကို စာရေးသူ၏ဇာတိ မွေးချင်းတို့၏ ရွာကလေးတွင် မျက်မြင်တွေ့ရှိခဲ့သဖြင့် ဝမ်းသာမဆုံးဖြစ်ခဲ့သည်။ ကျေးရွာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျေးရွာစာကြည့်တိုက် အကြောင်းကိုလည်း အချိန်ရသမျှ ဝင်ရောက်လေ့လာခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

မေ ၂၉ ရက်က သစ်တောဦးစီးဌာန တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) ဝန်ထမ်းမိသားစု၏ မူလတန်း၊အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသူ ကျောင်းသား ၂၂၉ ဦး အတွက် ပညာသင်ထောက်ပံ့ငွေများပေး အပ် ပွဲ ကို မေ ၂၈ ရက်က သက်သာစားသောက်ဆိုင်ခန်းမတွင်ပြုလုပ်ရာ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဌာနခွဲအလိုက်ပေးအပ်စဉ်။ (က-ပ)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ ဒုတိယဝန်ကြီး ဦးမျိုးညွန့်တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်သည် အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးညွန့်ရွှေတို့လိုက်ပါလျက် ယမန်နေ့ နံနက် ၉နာရီက ညောင်တုန်းမြို့နယ် ဆားမလောက် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားသို့လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် ပန်းတနော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားသို့လည်းကောင်း တက်ရောက်ကြည့်ရှုအားပေးသည်။

ပေးအပ်လှူဒါန်း

ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် ညောင်တုန်းနှင့် ပန်းတနော်လမ်းတစ်လျှောက်ရှိ ကျောင်းများသို့ ဝင်ရောက်၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး မူလတန်းပြဌာန်း စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

❒ မြို့တော်ကြီးမှ

အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ချောမွေ့စွာ

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ အခြားပြည်နယ်နှင့်တိုင်းများသို့ လည်းကောင်း၊ ရန်ကုန်မြို့တော်အတွင်း၌ လည်းကောင်း နေ့စဉ်သွားလာလျက်ရှိသည့်ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန်၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များလိုက်နာဆောင်ရွက်ရမည့်လုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

အခြေအနေ

ထို့နောက် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများစိတ်ချမ်းမြေ့စွာဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန်ဘတ်စ်ကားဂိတ်များ၊ ယာဉ်ရပ်နားစခန်းကြီးများ၊ ဘူတာရုံများ၊ သင်္ဘောဆိပ်များနှင့် လေဆိပ်တို့၌ စနစ်တကျရှိစေရေး ကြပ်မတ်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့်ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့က ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ဥက္ကဋ္ဌများက သက်ဆိုင်ရာ ယာဉ်လိုင်းများအလိုက် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာစေရေး ကြပ်မတ်စစ်ဆေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြပ်မတ်ကွပ်ကဲ

ယင်းနောက် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သတ်မှတ်ထားသည့် လမ်းစည်းကမ်းများ အတိုင်း လိုက်နာစေရေး ကြပ်မတ်ကွပ်ကဲသွားကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသည်းအစားထိုးကုသခြင်းနှင့် အရိုးနုအသစ်အစားထိုး ကုသခြင်းဆိုင်ရာ ဆေးပညာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်လမ်းကြောင်းနှင့်အသည်းအဖွဲ့၊ အရိုးရောဂါအဖွဲ့တို့နှင့် စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd. တို့ ပူးပေါင်းစီစဉ်သည့် အသည်းအစားထိုးကုသခြင်းနှင့် အရိုးနုအသစ်အစားထိုးကုသခြင်းဆိုင်ရာ ဆေးပညာဆွေးနွေးပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်လမ်းကြောင်းနှင့် အသည်းအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါကု ဌာနပါမောက္ခဌာနမှူး ပါမောက္ခဦးခင်မောင်ဝင်းနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါကုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ကြည့်မြင်တိုင် အရိုးကုဆေးရုံ အရိုးရောဂါ ကုသဌာန ပါမောက္ခဌာနမှူး ပါမောက္ခဦးကျော်မြင့်နိုင်တို့က ဘာသာရပ်ဆိုင်ရာ သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပါမောက္ခဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd.မှ လက်ထောက် အထွေထွေ မန်နေဂျာ Mr. Samuel Tan Shin Yeက Parkway Group Healthcare Pte., Ltd. ၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မိတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် စင်ကာပူနိုင်ငံ Gleneagles Hospitalမှ Dr. Tan Kai Chahက "သက်ရှိလူသားထံမှ အသည်းအစားထိုးကုသခြင်း"(Living Donor Liver Transplant) အကြောင်းကိုလည်းကောင်း၊ Dr. Tan Jee Limက "အဆစ်ရောင်ရောဂါတွင် အရိုးနုအသစ် အစားထိုးကုသခြင်း" (A New Cartilage Transplant in Osteoarthritis) အကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသော ပုဂ္ဂိုလ်များ၏ မေးမြန်းဆွေးနွေးချက်များကို သက်ဆိုင်ရာ တင်ပြဆွေးနွေးသူတို့က ပြန်လည်ရှင်းလင်းဖြေကြားကာ သဘာပတိပါမောက္ခဦးကျော်မြင့်နိုင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd. ၏ အသည်းအစားထိုးကုသခြင်းနှင့် အရိုးအဆစ်ရောင်ရောဂါတွင် အရိုးနု အစားထိုး ကုသခြင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်လိုပါက ရန်ကုန် မြို့ လသာလမ်း အမှတ်(၄၄)ရှိ Win Myanmar Co., Ltd.သို့ဆက်သွယ်နိုင်ကြောင်းနှင့် အခမဲ့ ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ယူရို ၂၀၀၄ဘောလုံးပြိုင်ပွဲတွင် အုပ်စု(ဃ)၌ ပါဝင်လျက်ရှိပြီး ဗိုလ်စွဲရန် ရေပန်းစားနေသည့် အသင်းများထဲ၌ တစ်သင်းအပါအဝင်ဖြစ်သည့် ဂျာမနီဘောလုံးအသင်းကို မေ ၂၈ရက်က ဖရိုင်းဖတ်ရှိ လေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

■ ကျောဖုံးမှ

ယူရို၂၀၀၄ပြိုင်ပွဲဝင်အသင်းများသည် ဘောလုံးသမားအစုံအလင်ဖြင့်အသင်း ကစားကွက်များကို စမ်းသပ်နိုင်ကြပြီဖြစ်သည်။ ဘောလုံးဝါသနာရှင်များအနေဖြင့်လည်း ဥရောပကလပ်အသင်းပွဲများမရှိတော့သဖြင့် ယူရို၂၀၀၄ဘောလုံးပြိုင်ပွဲအကြိုသတင်းများကိုသာ အာရုံစိုက်စောင့်ကြည့်လျက်ရှိကြသည်။ယူရို ၂၀၀၄ပြိုင်ပွဲဝင်အသင်းများသည် မေ ၂၉ရက်မှ ဇွန် ၆ရက်အတွင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ ခြေစွမ်းမည်မျှ ရှိ၊မရှိကို အကဲခတ်သုံးသပ်နိုင်ကြပေလိမ့်မည်။

ပထမအဆင့်အုပ်စု

ယူရို၂၀၀၄ပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၆သင်းကို အုပ်စုလေးစုခွဲကာ ပထမအဆင့်အုပ်စုပွဲစဉ်များ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့် အုပ်စုပွဲစဉ်များ ဇွန် ၂၃ ရက်တွင် ပြီးဆုံးမည်ဖြစ်ရာ အုပ်စုတစ်စုမှ အုပ်စုပထမနှင့် အုပ်စုဒုတိယရသောအသင်းများ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။

အုပ်စု(က)

အုပ်စု(က)တွင် အိမ်ရှင်ပေါ်တူဂီနှင့်အတူ ဂရိ၊ စပိန်နှင့် ရုရှားတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၁၂ရက်တွင် ပေါ်တူဂီနှင့် ဂရိ၊ စပိန်နှင့် ရုရှား၊ ဇွန် ၁၆ ရက်တွင် ဂရိနှင့်စပိန်၊ ရုရှားနှင့်ပေါ်တူဂီ၊ ဇွန် ၂၀ရက်တွင် ရုရှားနှင့်ဂရိ၊ စပိန်နှင့် ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ခ)

အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ပြင်သစ်နှင့်အတူ အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် ခရိုအေးရှားတို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များအဖြစ် ဇွန်၁၃ ရက်တွင် ဆွစ်ဇာလန်နှင့် ခရိုအေးရှား၊ ပြင်သစ်နှင့် အင်္ဂလန်၊ ဇွန်၁၇ရက်တွင် အင်္ဂလန်နှင့်ဆွစ်ဇာလန်၊ခရိုအေးရှားနှင့် ပြင်သစ်၊ ဇွန်၂၁ ရက်တွင် ခရိုအေးရှားနှင့် အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် ပြင်သစ်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ဂ)

အုပ်စု(ဂ)တွင် ယူရို ၂၀၀၀ပြိုင်ပွဲ၌ ဒုတိယဖြင့်ကျေနပ်ခဲ့ရသော အီတလီနှင့်အတူ ဆွီဒင်၊ ဘူဂေးရီးယားနှင့် ဒိန်းမတ်တို့ ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၁၄ ရက်တွင် ဒိန်းမတ်နှင့်အီတလီ၊ ဆွီဒင်နှင့် ဘူဂေးရီးယား၊ ဇွန် ၁၈ ရက်တွင် ဘူဂေးရီးယားနှင့် ဒိန်းမတ်၊ အီတလီနှင့်ဆွီဒင်၊ ဇွန် ၂၂ ရက်တွင် အီတလီနှင့် ဘူဂေးရီးယား၊ ဒိန်းမတ်နှင့်ဆွီဒင်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ဃ)

အုပ်စု(ဃ)တွင် ၂၀၀၂ ကမ္ဘာ့ဖလားပွဲ၌ ဒုတိယဖြင့် ကျေနပ်ခဲ့ရသော ဂျာမနီနှင့်အတူ ချက်၊ လတ်ဗီးယားနှင့် ဟော်လန်တို့ပါဝင်ကြသည်။ အုပ်စုပွဲစဉ်များအဖြစ် ဇွန်၁၅ရက်တွင် ချက်နှင့်လတ်ဗီးယား၊ ဂျာမနီနှင့် ဟော်လန်၊ ဇွန် ၁၉ရက်တွင် လတ်ဗီးယားနှင့် ဂျာမနီ၊ ဟော်လန်နှင့်ချက်၊ ဇွန် ၂၃ ရက်တွင် ဟော်လန်နှင့် လတ်ဗီးယား၊ ဂျာမနီနှင့် ချက်တို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ကွာတားဖိုင်နယ်

အုပ်စုပွဲစဉ်များပြီးဆုံးသွားလျှင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၂၄ ရက်မှ စတင်၍ ကျင်းပမည်ဖြစ်သည်။ ပထမကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၄ ရက်တွင် အုပ်စု(က) ပထမနှင့် အုပ်စု(ခ)ဒုတိယ၊ ဒုတိယကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၅ ရက်တွင် အုပ်စု(ခ)ပထမနှင့်အုပ်စု(က)ဒုတိယ၊ တတိယကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၆ ရက်တွင် အုပ်စု(ဂ)ပထမနှင့် အုပ်စု(ဃ)ဒုတိယ၊ စတုတ္ထကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အုပ်စု(ဃ)ပထမနှင့်အုပ်စု(ဂ)ဒုတိယတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲစဉ်များကို ဇွန် ၃၀ နှင့် ဇူလိုင် ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် ပထမကွာတားဖိုင်နယ်ပွဲစဉ်မှ အနိုင်ရသူနှင့် တတိယကွာတားဖိုင်နယ်မှ အနိုင်ရသူ၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဒုတိယ ကွာတားဖိုင်နယ်မှ အနိုင်ရသူနှင့် စတုတ္ထ ကွာတားဖိုင်နယ်မှအနိုင်ရသူတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဗိုလ်လုပွဲ

ယူရို၂၀၀၄ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၄ ရက်တွင် ဘင်ဖီကာကလပ်အသင်းပိုင် အက်စတာဒီယိုဒါလုဇ်ခေါ် Stadium of Light ဘောလုံးကွင်းကြီး၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ Stadium of Lightဘောလုံးကွင်းကြီးသည် ပရိသတ် ၆၅၀၀၀ ဆံ့ ခေတ်မီကွင်းကြီးဖြစ်သည်။

လစ္စဘွန်းမြို့ အနောက်မြောက်အရပ်တွင် တည်ရှိပြီး ခေတ်မီဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားကာ အပန်းဖြေခန်းများ၊ ဖျော်ဖြေရေးခန်းမများနှင့် ယဉ်ကျေးမှုပြခန်းများ ပါဝင်သည်။ ယခင်ကွင်းဟောင်းအနီးတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။ ဘင်ဖီကာကလပ်အသင်း နှစ်တစ်ရာပြည့်နှင့် Stadium of Lightကွင်းဟောင်း နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ဥရောပဘောလုံးအဖွဲ့ချုပ်က နောက်ဆုံးဗိုလ်လုပွဲကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ။

(မြန်မာ့အလင်း)

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲ၌ ခြေစွမ်းပြနိုင်ဖွယ်ရှိသည့် ဘောလုံးသမားများထဲ၌ တစ်ဦးအပါအဝင်ဖြစ်သော ဂျာမနီတိုက်စစ်မှူးမိုက်ကယ်ဘောလက်အား ခြေစစ်ပွဲစဉ်၌ မော်လတာအသင်းအား ဂိုးသွင်းယူပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၄)

World No-Tobacco Day

(31-5-2004)

ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် စွမ်းအင်က လျှပ်စစ်စွမ်းအားကို ဂိုးပြတ်နိုင်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက လျှပ်စစ်စွမ်းအားအသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို စွမ်းအင်အသင်းမှ နိုင်ဝင်းကရရှိသည်။ စွမ်းအင်အသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီးဖြစ်ရာ ဇွန် ၃ရက်တွင် တပ်မတော်(ကြည်း)အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲမရှိ

မေ ၃၀ရက်(ယနေ့)တွင် ပွဲမရှိဘဲ မေ ၃၁ရက် ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ချင်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်သွယ်ရာ၌ ဂန့်ဂေါမြို့သည် အချက်အချာဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တော်ဝင်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

စစ်ကိုင်းတိုင်း ကလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မေ ၂၃ ရက်က စစ်ကိုင်းတိုင်းကလေးမြို့နယ် နတ်ချောင်းဘူတာမှ မကွေးတိုင်း ဂန့်ဂေါမြို့ ဂန့်ဂေါဘူတာအထိ ဘူတာစဉ်တစ်လျှောက် ရထားလမ်းပိုင်းပေါ်ရှိ လမ်း/တံတား အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဂန့်ဂေါခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ အမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နံနက် ၈နာရီမိနစ်၄၀ တွင် စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ချောင်းဘူတာမှ သံလမ်းပြေးရထားဖြင့် ထွက်ခွာခဲ့ကြပြီး နတ်ချောင်းဘူတာနှင့် ဟဲလုပ်ရပ်စခန်း ဘူတာအကြား ရထားလမ်းများအခြေအနေနှင့် ရထားလမ်းပိုင်းပေါ်ရှိ ရေပြွန်များနှင့် တံတားများအခြေအနေကိုလည်းကောင်း၊ ဟဲလုပ်–သံဖိုနှင့်စည်းဟောင်ဘူတာတို့အကြား ရထားလမ်းနှင့်တံတားများ အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် စည်းဟောင်–ဆည်တောဘူတာစဉ်တစ်လျှောက် သံလမ်းပြေးရထားဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီခွဲတွင် ကား၊ ရထား အသုံးပြုနိုင်သော မဏိပူရမြစ်ကူး ကမ္ဘာ့နီတံတားသို့ ရောက်ရှိကြသည်။

ကမ္ဘာ့နီတံတားစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကမ္ဘာ့နီတံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားအောက်ရှိ မဏိပူရမြစ်၏ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းရေး၊ တံတားကြီး ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မဏိပူရမြစ်၏ ရေကျချိန် ရေတက်ချိန် မှတ်တမ်းထားရှိရေးတို့ကို မြန်မာ့မီးရထားတိုင်း အမှတ်(၁၀)မှ တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် ဆည်တော–မုန်တော–ဟံသာဝတီ–ကုက္ကား–မြောက်ခင်ရန်း ဘူတာစဉ်တစ်လျှောက် သံလမ်းပြေးရထားဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီမိနစ်၅၀ တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ မြစ်သာမြစ်ဝှမ်း မြေရိုင်းဖော်ထုတ်ရေးစီမံကိန်း တောင်ခင်ရန်း စိုက်ခင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် တောင်ခင်ရန်းစိုက်ကွင်း ရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံ ဗိုလ်မှူးဝင်းထွတ်က တောင်ခင်ရန်းစိုက်ကွင်း၌ ၂၀၀၄–၂၀၀၅ မိုးစပါး စိုက်ပျိုးရေးရာသီတွင်း မိုးစပါးဧက ၃၅၀၊ ပဲစင်းငုံဧက ၂၀၀ စိုက်ပျိုးပြီး သီးညှပ်အနေဖြင့် နှမ်းဧက ၅၀၊ ကြက်ဆူ ဧက ၂၀၀၊ နေကြာဧက ၂၂၀ စိုက်ပျိုးမည့်အစီအမံများကို လည်းကောင်း၊ ဆောင်းသီးနှံအနေဖြင့် ပဲမျိုးစုံနှင့် ရာသီသီးနှံဧက၃၀နှင့် နွေစပါးဧက၃၀၊ နွေနှမ်း၁၀ဧက စိုက်ပျိုးမည့် အစီအစဉ်များကို လည်းကောင်း၊ မွေးမြူရေးအနေဖြင့် နွားကောင်ရေ ၈၆ ကောင် မွေးမြူထားရှိမှုကိုလည်းကောင်း၊ တောင်ခင်ရန်း စိုက်ကွင်းအတွက် စက်ယာဉ်ယန္တရားများ ရရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဒေသနှင့်အညီစိုက်ပျိုး

ဆက်လက်၍ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် တိုင်းမှူးဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်ခင်ရန်းစိုက်ကွင်းအတွင်း စီမံကိန်းဆောင်ရွက်ရန် လျာထားသတ်မှတ်ထားသည့်အတိုင်း အောင်မြင်အောင်ဆောင်ရွက်ရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားကြရေးနှင့် နှစ်ရှည်ပင်သီးနှံများဖြစ်သည့် တညင်း၊ သရက်၊ ဆီး အစရှိသည့် ဒေသနှင့်ကိုက်ညီသော သီးပင်စားပင်များကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရေး၊ ငါးမွေးမြူရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် တောင်ခင်ရန်းစိုက်ကွင်းအတွင်း ရတနာအောင်မျိုး နွေစပါးဧက ၃၀ စိုက်ခင်းကိုလည်းကောင်း၊ နွေနှမ်း ၁၀ ဧကစိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး လှငွေတို့ လိုက်ပါလျက် သံလမ်းပြေးရထားဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ တောင်ခင်ရန်းဘူတာနှင့် နှမ်းခါးဘူတာကြား ဂန့်ဂေါ–ကလေး ကားလမ်းပေါ်၌ ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေသော တော်ဝင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ပခုက္ကူခရိုင် အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်က တံတားတည်ဆောက်နေမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့်အဖွဲ့သည် သံလမ်းပြေးရထားဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ မွေ့လည်ဘူတာနှင့် ကန်ဘူတာအကြား မြစ်သာမြစ်ကူး ရထား–ကား နှစ်လမ်းသွား ကံရွာတံတားသို့ ရောက်ရှိကြသည်။

စနစ်တကျထိန်းသိမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မြစ်သာတံတား ကံရွာ၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တံတားကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကန်–လက်ပန်– ကွျဲနန်း–မြင်းဇာ–လာပို့ ဘူတာစဉ်တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ဂန့်ဂေါဘူတာသို့ ရောက်ရှိကြပြီး ဂန့်ဂေါမြို့ မြို့နယ်ခန်းမ၌ ခရိုင်နှင့်မြို့နယ်တို့မှဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေက ဂန့်ဂေါခရိုင်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊စီးပွားရေးအခြေအနေများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဂန့်ဂေါ–ကလေးကားလမ်းပေါ်ရှိ တော်ဝင်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေ အနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ဂန့်ဂေါဒေသသည် မြစ်သာမြစ်ဝှမ်းဒေသတွင်ပါရှိပြီး မြစ်သာမြစ်ဝှမ်းသည် ကလေး၊ ကလေးဝဒေသများအထိ ကျယ်ပြန့်ကာ စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသတစ်ခု ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကြည့်မည်ဆိုပါကလည်း ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း ဆက်သွယ်သွားလာရန် ဗဟိုအချက်အချာ ကျသော မြို့တစ်မြို့ဖြစ်ကြောင်း၊ ဂန့်ဂေါမြို့သည် ချင်းပြည်နယ်သို့ ကလေး–ဂန့်ဂေါလမ်းအတိုင်း သွားလာနိုင်ပြီး ချင်းပြည်နယ် တောင်ပိုင်းသို့ အိုက်ကား–ရေစွာ–မတူပီလမ်းအတိုင်း ဆက်သွယ်သွားလာနိုင် ကြောင်း၊ ဂန့်ဂေါမြို့ တောင်ဘက်ပိုင်းတွင်ရှိသော ထီးလင်း၊ ကျောက်ထုတို့မှ တစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်–မင်းတပ်သို့လည်း သွားလာနိုင်ကြောင်း၊ အရှေ့ဘက်သို့သွားမည် ဆိုပါက စစ်ကိုင်းတိုင်းအတွင်းရှိ မင်းတိုင်ပင်–ဆားလင်းကြီး–မုံရွာမြို့တို့မှတစ်ဆင့် သွားလာနိုင်ကြောင်း။

အချက်အချာဒေသဖြစ်

ရထားလမ်းအနေဖြင့် ပုံတောင်ပုံညာ ရထားဥမင်လိုဏ်ခေါင်း ပေါက်သွားပြီဖြစ်ရာ ကျော၊ ဇီးပြား၊ မြိုင်၊ ပခုက္ကူမြို့တို့အထိ သွားလာနိုင်တော့မည်သာမက ပခုက္ကူ–ဂန့်ဂေါ–ကလေးတောက်လျှောက်သွားလာနိုင်တော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဂန့်ဂေါမြို့သည် ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်း တိုင်းသို့သွားရန် ဗဟိုအချက်အချာဒေသ ဖြစ်လာမှာ ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဂန့်ဂေါမြို့ကို ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းကို နီးကပ်စွာ အထောက်အကူပြုပေးနိုင်ရန် မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးတို့ကို အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း။

ကြိုးစားလုပ်ကိုင်

ထိုကဲ့သို့ နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးမှုအပေါ် မိမိဒေသဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေရန်အတွက် ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများကို ကြိုးစားလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း။

ဂန့်ဂေါခရိုင်၏ စီးပွားရေးတိုးတက်မှု နှုန်းမှာ မကွေးတိုင်းတွင် အဆင့်(၂)ရှိခဲ့သော်လည်း ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင်မူ အဆင့်(၃)တွင်သာ ရှိနေသေးသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ထပ်လောင်းမှာကြားလိုကြောင်း၊ မြို့နယ်၌ ဆန်ဖူလုံမှုရှိပြီး ပိုလျှံနေမှုကို ကျေနပ်၍ မနေကြဘဲ ပိုလျှံသောဆန်များကို မကွေးတိုင်းနှင့် ချင်းပြည်နယ်အတွက် အထောက်အကူပြု ပေးသွားနိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ခရိုင်အတွင်းရှိ အားနည်းနေသေးသည့် မြို့နယ်များနှင့် အားသာသည့် မြို့နယ်များကို ပြန်လည်ဆန်းစစ်ပြီး ဖွံ့ဖြိုးမှု အားနည်းနေသော မြို့နယ်များအား ပိုမိုအာရုံစိုက်၍ တာဝန်ရှိသူအဆင့်ဆင့်တို့က ကြိုးကြပ် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ်ကို အသိစိတ်ဓာတ် ရှိရှိဖြင့် စေတနာထားဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသွားသည်။

ရင်းရင်းနှီးနှီး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ဂန့်ဂေါမြို့ နယ်မြေခံတပ်ရင်းသို့ရောက်ရှိကြပြီး ဂန့်ဂေါမြို့တွင် ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က အထက(၁) ကျောင်းရှေ့တွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေး(၅/၂၀၀၆)ကို မေ ၂၇ရက်က မွန်းလွဲ ၁ နာရီက အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိအစည်းအဝေးခန်းမ၌ကျင်းပရာ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)၊ တွဲဖက် အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ်တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က ဆောင်ရွက်သည်။

အကြံပြုဆွေးနွေး

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)က ဗဟိုအမှုဆောင် အစည်းအဝေး(၄/၂၀၀၆)ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ ခေါင်းဆောင်များက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ဦးသန်းမောင်(သန်းမောင်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မူဝါဒဆိုင်ရာ လမ်းညွှန်မိန့်ကြားချက်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယတန်းအမှတ်ပေးပြိုင်ပွဲ စီးပွား/ကူးသန်း(ခ)ပိုလ်စွဲ ပထမတန်း ကွင်းပိတ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း(ခ)အသင်းက ပန်းလှိုင်လူငယ်အသင်းကို ၁၄ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူး ရရှိသွားသည်။

ဒုတိယတန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲမပြီးဆုံးသေးသော်လည်း စီးပွား/ကူးသန်း(ခ)အသင်း ပွဲကုန်သွားပြီ ဖြစ်ရာ ရှုံးပွဲမရှိ ဗိုလ်စွဲသွားခြင်း ဖြစ်သည်။ စီးပွား/ကူးသန်း(ခ)အသင်း သည် ပွဲစဉ်ပေါင်း၁၂ပွဲ ယှဉ်ပြိုင်ကစား ခဲ့ရာ၌ ၁၀ ပွဲနိုင်၊နှစ်ပွဲသရေ(၃၂)မှတ် ရရှိပြီး ထိုက်ထိုက်တန်တန် ပထမ ရရှိသွားခြင်းဖြစ်သည်။စီးပွား/ကူးသန်း (ခ)အသင်းသည် ဒုတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲသွားရာ မကြာမီ ကျင်းပမည့် ပထမတန်း ကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသွားသည်။

စီးပွား/ကူးသန်း(ခ)အသင်းသည် ဒုတိယတန်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ တကအ (ရဲမွန်) ပို့ဆောင်ရေး(ခ)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး လမ်းမတော် လူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက် ပွဲစဉ်၌သီဟဒီပအသင်းအားခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လု ပွဲတွင် ငွေကြယ်ပွင့်လေးများအသင်း အား ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ ကာ ဗိုလ်လုပွဲသို့ တက်ရောက် နိုင်ခဲ့ သည်။ ဗိုလ်လုပွဲတွင် ပပန အသင်း အား ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ပြီး ဗိုလ်စွဲခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအောက်တွင် ယခု အခါ ဘောလုံးအသင်း သုံးသင်းဖွဲ့ စည်းထားရှိပြီး မြန်မာနိုင်ငံဘောလုံး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌမြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြား ရေးမှူး ဦးမင်းလှအောင်အား မြန်မာ့ အလင်းက တွေ့ဆုံမေးမြန်းဖြစ်ခဲ့ သည်။ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ပြောကြားရာတွင် "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ဘောလုံးအသင်း များ ဖွဲ့စည်းပြီး မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့်ဘောလုံး ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ့ဘော လုံးလောကအဆင့်အတန်းတိုး တက် မြင့်မားရေးကို အထောက်အကူပြု စေရန် လူငယ်လက်ရွေးစင်ဘောလုံး

၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲသွားသောစီးပွား/ကူး သန်း (ခ) အသင်းမှ နည်းပြနှင့် အားကစားသမားများအား ပွဲမစမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

အသင်းအား လေးဂိုး-ဂိုးမရှိ၊ ပို့ဆောင် ရေး (ခ)အသင်းအား တစ်ဂိုး-ဂိုးမရှိ၊ လမ်းမတော်လူငယ်အသင်းအား လေး ဂိုး-ဂိုးမရှိ၊ ရွှေညီနောင်ကလပ်အသင်း အား ၁၁ ဂိုး-နှစ်ဂိုး၊ ငွေကြယ်ပွင့် လေးများအသင်းအား နှစ်ဂိုး-တစ်ဂိုး၊ သီဟဒီပအသင်းအား ခြောက်ဂိုး-ဂိုး မရှိ၊ ဇီယွန်အသင်းအား ၁၀ဂိုး-နှစ်ဂိုး၊ ရန်ကုန်တိုင်းလူငယ်အသင်းအား လေး ဂိုး-တစ်ဂိုး၊ ပန်းလှိုင်လူငယ်အသင်း အား ၁၄ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ ခဲ့သည်။ အား/ကာသိပ္ပံ (ရန်ကုန်) အသင်းနှင့် ဂိုးမရှိသရေ၊ ပပနအသင်း နှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

စီးပွား/ကူးသန်း(ခ) အသင်းကို ၂၀၀၃ ခုနှစ် ဒုတိယအကြိမ် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဖလား အသက်(၂၁)နှစ် နှင့် အောက် လူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပ ပြီး လူငယ်မျိုးဆက်သစ်များ ရွေးချယ် ကာ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းကွင်းဖွင့်ဖလား ဘောလုံး ပြိုင်ပွဲမှစတင်၍ စီးပွား/ကူးသန်း(ခ) အသင်းအမည်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ သည်။

စီးပွား/ကူးသန်း(ခ)အသင်းသည် ဒုတိယတန်း ကွင်းဖွင့်ဖလား ဘောလုံး ပြိုင်ပွဲ၌ အုပ်စု(ဂ)၌ ပါဝင်ခဲ့ရာ အဖွဲ့ချုပ်ကကြီးမှူးကျင်းပသောဘောလုံး ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်လျက် ရှိသည်။ စီးပွား/ကူးသန်း(ခ) အသင်း နှင့် လယ်ယာထွက်ကုန် အသင်းတို့ သည် အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ ၌ ယှဉ်ပြိုင်လျက်ရှိပြီး စီးပွား/ကူးသန်း (ခ)အသင်းသည် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီတွင် ပထမတန်းသို့ တက်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

လယ်ယာထွက်ကုန်အသင်းသည် ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ဒုတိယရရှိကာ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲမှ စတင်ယှဉ် ပြိုင်ခဲ့သည်။ မေ ၂၅ရက်က သစ်တော ရေးရာအသင်းနှင့် လယ်ယာထွက်ကုန် အသင်းတို့ အဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်)ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစား ခဲ့ရာ သစ်တောရေးရာအသင်းက ရွှေ ဂိုးဖြင့် အနိုင်ရရှိသွားသည်။ လယ်ယာ ထွက်ကုန်အသင်းသည် အဆင့်မြင့် တန်း၏ မျက်နှာသစ်အသင်းဖြစ်သော် လည်း အဆင့်မြင့်တန်းမှ သမ္ဘာရင့် ဝါရင့် သစ်တောရေးရာအသင်းကို ခြေရည်တူ ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။

ဒုတိယတန်းအမှတ်ပေးဘောလုံး ပြိုင်ပွဲတွင် ပထမရရှိသွားပြီ ဖြစ်သော စီးပွား/ကူးသန်း(ခ)အသင်း၏ ရည် ရွယ်ချက်နှင့် ဆက်လက်ယှဉ်ပြိုင် သွားမည့်အနေအထားနှင့် ပတ်သက်၍ သမားများ ပေါ်ထွက် လာနိုင်ရေးပင် ဖြစ်ကြောင်း၊ စီးပွား/ကူးသန်း(ခ) အသင်းဘောလုံးသမားများကို အား ကစားဝန်ကြီးဌာန၏ ဆောင်ပုဒ် ဖြစ်သော စိတ်ဓာတ်၊ စည်းကမ်းနှင့် ကျွမ်းကျင်ကြံ့ခိုင်မှုတို့ကိုအခြေခံကာ လေ့ကျင့်သားပြည့်ဝစွာ ယှဉ်ပြိုင်စေခဲ့ ကြောင်း၊ စီးပွား/ကူးသန်း(ခ)အသင်း သည် ပထမတန်းသို့ တက်ရောက် သွားနိုင်ပြီဖြစ်၍ ပထမတန်းကွင်းပိတ် ပြိုင်ပွဲမှစတင်၍ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ လယ်ယာထွက်ကုန် ဘောလုံးအသင်းသည် ဒုတိယတန်းမှ ပထမတန်းသို့တစ်နှစ်အတွင်း တက် ရောက်နိုင်ခဲ့သလို စီးပွား/ကူးသန်း(ခ) အသင်းသည်လည်း ကွင်းဖွင့်ဖလားပွဲ၌ ပထမရရှိခဲ့ပြီး အမှတ်ပေးပွဲ၌လည်း ပထမရရှိကာ ပထမတန်းသို့ တစ်နှစ် အတွင်း တက်ရောက်နိုင်ခဲ့ကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

စီးပွား/ကူးသန်း(ခ) ဘောလုံး အသင်းအား အားကစားနှင့်ကာယ ပညာကော်မတီ၏ ဦးဆောင်နာယက အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ အဖြစ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဘောလုံးဆပ်ကော်မတီဝင် နာယက အဖြစ် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းလှအောင်၊ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် ဒုတိယ ဗိုလ်မှူးကြီးလှမော်ဦး(အထွေ ထွေမန်နေဂျာ)၊ ဘောလုံးဆပ်ကော် မတီ အတွင်းရေးမှူးအဖြစ် ဦးညွန့် အောင်(ဒုတိယအထွေထွေမန်နေဂျာ)၊ စီးပွား/ကူးသန်း(ခ)အသင်း အဖွဲ့ ခေါင်းဆောင်အဖြစ် ဗိုလ်မှူးအောင်နိုင် ဦး(ရန်ကုန်တိုင်းမန်နေဂျာ)၊ အုပ်ချုပ်မှု အဖွဲ့ဝင်များအဖြစ် ဦးနီပေါ(အင်ဂျင် နီယာချုပ်)၊ ဦးအောင်သန်းဦး (တိုင်း အင်ဂျင်နီယာ)နှင့်ဦးခင်ဇော်(စက်ရုံမှူး)၊ နည်းပြများအဖြစ် ဦးမျိုးဝင်းနှင့် ဦးနေဒါအား တို့ဖြစ်ကြသည်။

အားကစားသမားများအဖြစ်(ဂိုး) သီဟစည်သူ၊ သက်နောင်စိုး၊ (နောက် တန်း) ဉာဏ်ထွန်း၊ စိုးမိုးအောင်၊ စောမုပလူတူး၊ အောင်မျိုးသန့်၊ လင်းထိုက်၊ လှမင်းသိန်း၊ မင်းကိုကို၊ ဖြိုးဝေစိုး၊ကောင်းထွန်း၊ ဝင်းမြင့်၊ (အလယ်တန်း) အောင်မင်းဦး၊ အောင် မျိုးမြတ်၊ ရာဇာဝင်းသိန်း၊ စောအယ် ဖွယ်မှူး၊ ချမ်းပြည့်အောင်၊(ရှေ့တန်း) ထူးကျော်၊ စောဒိုစိုး၊ ကျော်ဆန်းလင်း၊ အောင်ရဲထွဋ်နှင့် နေလင်းထိုက်တို့ ပါဝင်ကြသည်။ ။

(မြန်မာ့အလင်း)

၂၀၀၄ခုနှစ်သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ကျင်းပ ရေး အတွက် အလှူငွေ ကျပ် ဆယ်သိန်း ငါး သောင်းကို Loi Hein Co., Ltd.မှ ဒါရိုက်တာ ဦးဟန် မင်းထွဏ်းက ပေး အပ် လှူ ဒါန်း ရာ မြန်မာနိုင်ငံ ကရာ တေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးကြီး ခင် မောင် ထွန်း (ငြိမ်း) က လက်ခံ ယူစဉ်။ (မြန်မာ့အလင်း)

● *ကျော်ဖုံးမှ*

၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာ တေးဒိုပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ကရာ တေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းနှင့် ကော်မတီဝင် များ၊ Loi Hein Co., Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူ များနှင့် ကရာတေးဒို အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ကရာတေးဒို အားကစားမောင်မယ် ၁၄၄ ဦးတို့က သတ်မှတ်နေရာတွင် နေရာယူကြပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းက အဖွင့်အမှာ စကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ် ပေးလိုက်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ပြိုင်ပွဲဝင်အားကစား သမား မောင်မယ်များက အားကစား သစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆို ကြပြီး ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ အတွက် ကုန်ကျ စရိတ် ငွေကျပ် ဆယ်သိန်း ငါးသောင်း ကို Loi Hein Co.,Ltd.ဒါရိုက်တာ ဦးဟန်မင်းထွဏ်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းကို ပြန် လည် ပေးအပ်သည်။

သရုပ်ပြသ

ယင်းနောက် မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားမောင်မယ် များက ကရာတေးဒိုအားကစားဖြင့် သရုပ်ပြသကြသည်။

ထို့နောက် ပထမနေ့ ပွဲစဉ်များ အဖြစ် ပြိုင်ပွဲအမျိုးအစား ၁၆ ခုကို ဆက်လက်ကျင်းပပြီး ပြိုင်ပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် ယင်းအား ကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပ မည် ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာမြင်းစီးအားကစားအဖွဲ့ ပြိုင်ပွဲဝင်ရန်မလေးရှားသို့ထွက်ခွာ

ရန်ကုန် မေ ၂၉

၂၀၀၄ခုနှစ် ဇွန် ၃ ရက်မှ ၆ရက် အထိ မလေးရှားနိုင်ငံ ပီနန်ကျွန်းတွင် ကျင်းပမည့် အမျိုးသားမြင်းစီးအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်မှ နည်းပြချုပ် ဦးငြိမ်းကျော် ခေါင်းဆောင်သော အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၀ ဦးပါဝင်သော မြန်မာမြင်းစီး အားကစားအဖွဲ့ **(အောက်ပုံ)**သည် ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

မြန်မာမြင်းစီးအားကစားအဖွဲ့အား မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်တင်ဝင်း၊ အတွင်းရေးမှူး ဦးပြုံးမောင်မောင်နှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာမြင်းစီးအားကစားအဖွဲ့တွင် အုပ်ချုပ်သူနှင့် နည်းပြချုပ်အဖြစ် ဦးငြိမ်းကျော်၊ နည်းပြများအဖြစ် ဦးသိန်းဝင်းနှင့် ဦးသန်းလှိုင်တို့က လိုက်ပါ ဆောင်ရွက်ပြီး မြင်းစီးအားကစားသမားများမှာ မောင်အောင်သူထွန်း (အထက၊ မြောက်ဒဂုံ)၊ မခင်နှင်းပွင့်ပြုံး(တတိယနှစ်-စက်မှု၊သန်လျင်)၊ မအိသက်မွန် (Crane)၊ မအေးသက်တာ(အထက-၂၊ ကမာရွတ်)၊ မကြည်သာလင်း(YIEC)၊ မစုစုပုလဲ(အလက၊ ကြည့်မြင်တိုင်)နှင့် မယမုန်ဦး(အထက-၂၊ လသာ)တို့ လိုက်ပါသွားကြသည်။ **(မြန်မာ့အလင်း)**

30-5 (13).p65 1 03/26/1905, 2:33 PM

သတင်းတပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည်စည်းဝေး သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ နှစ်ပတ်လည် အစည်းအဝေး၊ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှု ကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲနာယက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်စမ်းစမ်းဝေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယက ရဲချုပ်၏ဇနီး ဒေါ်ခင်မေစိုးနှင့် အဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲ နာယက သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ် သက်ထွဋ်၊ သတင်းတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်ခင်လှမြင့်နှင့် အမှုဆောင်များ၊ သတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်လတ်နှင့် ရဲအရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်မိသားစုများ၊ပြိုင်ပွဲဝင်ကလေး ၇၀ နှင့် သားကောင်းမိခင် ဆုရသူများနှင့် ကလေးပြိုင်ပွဲ၌ ဆုရရှိကြသူများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

အခမ်းအနားတွင် သတင်းတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲနာယက သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွဋ်က အမှာစကား ပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာကို အသင်းခွဲ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ညိုညိုမြင့်က ဖတ်ကြားတင်ပြခြင်း၊ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဘဏ္ဍာရေးမှူး ဒုတိယရဲမှူးမြင့်ကြည်က ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ အသက်အပိုင်းအခြားအလိုက် ကလေးပြိုင်ပွဲ ဆုရရှိသူများနှင့် သားကောင်းမိခင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ကာ သတင်းတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဒေါ်ကက်စီက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအစည်းအဝေးအတွေ့အကြုံရှင်းလင်း

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၄ ခုနှစ် တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး တက်ရောက်ခဲ့သည့် ပုဇွန်တောင်မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ဦးတင်စိုး (ဆရာသာဂဒိုး)၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းတင်ပြပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် အနော်ရထာလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကများ၊ မြို့နယ်အဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် အတွင်းရေးမှူး ဦးသန်းထွန်း (သီဟ–ဧရာဝတီ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက်ခင်အောင်)က အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က တတိယအကြိမ်စာပေညီလာခံနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ မြို့နယ်အဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက် ခင်အောင်)က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြောကြားသည့် အမှာစကားကို ဖတ်ကြားတင်ပြ၍ ဗဟိုဦးစီးအဖွဲ့ဝင် ဦးတင်စိုး (ဆရာသာဂဒိုး)က တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကို တင်ပြသည်။

(၃၅၂)

ဖျာပုံခရိုင် အကျဉ်းဦးစီးဌာန မိသားစု ပညာသင်စရိတ်နှင့် ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက်က ကျင်းပရာ တာဝန်ခံအရာရှိ ဦးကြည်စန်းက အကျဉ်းဦးစီးဌာန တပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်စရိတ်နှင့် ဝတ်စုံဖိုးငွေများပေးအပ်စဉ်။

(ပြန်/ဆက်)

တက်သစ်စ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၂၉

ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မေ ၂၅ ရက် နံနက် ၁၁ နာရီက သရက်တောတောင်ရပ်ကွက်တွင် တက်သစ်စ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြဝင်းနှင့်ရပ်မိရပ်ဖ ဦးပါတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင်မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ချိုချိုလတ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအကြောင်းနှင့် စာကြည့်တိုက် လ/ထ ၃ ဒေါ်ခင်သန်းလှက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာပေအကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ငွေပဒေသာပင်နှင့် ရသစုံစာအုပ်များ အပြန်အလှန်လှူဒါန်းကြပြီး ရပ်ကွက်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ နယ်လှည့်စာကြည့်တိုက်ကို တစ်ပတ်ကြာ ဖွင့်လှစ်ပြသသည်။

(က–ပ)

ဝင်း
စာရေးကိရိယာလက်လီ/လက်ကား ရောင်းဝယ်ရေး
SA 7 / 9 ဝင်ပေါက် (၂) မြေညီထပ်၊ ယုဇနပလာဇာ
Tel: 01-200747 Ext : 1136 / 1955
Tel: 01-200747 Ext: 7155

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဦးဖေထွန်း (ဦးမွန်ကြီးဝပ်ရှော့)–ဒေါ်ခင်အေး
တို့၏သား

ဗိုလ်ကြီးဇော်ဟိန်း B.Sc (D.S.A)

တပ်မတော်(လေ) နှင့်
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းလင်း–ဒေါ်ခင်ကြူလှ
တို့၏တူမ
ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
ဦးချစ်သန်း (Royal Green Int:Co.,Ltd.)–ဒေါ်ခင်မူလှ (ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ပုဇွန်တောင်)
တို့၏သမီး

ဗိုလ်ခင်နွယ်နီချစ် B.A(Psy:)

တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီးဖြစ်ပါ၍ ၂၉–၅–၂၀၀၄ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီးဒေါ်ထွေးထွေးညွန့်၊ ကြွရောက်ချီးမြှင့်ပေးသော မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်နှင့် စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင် ပေးပို့အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှမေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်ဟိန်း–ဗိုလ်ခင်နွယ်နီချစ်။

FAME
Hepa-B®
အထူးအသည်းအားဆေး

အမည်ပြောင်း

ပုသိမ်မြို့ အလက(၁) ပဥ္စမတန်းမှ အဖ ဦးလှမြင့်၏သမီး မဇင်မာနွေးအား ယနေ့မှစ၍ မနှင်းအေးယဉ် (ခ) နန်းအေးမာဝေဟု ခေါ်ပါရန်။

ပြန်ကြားရေးဝန်ကြီးဌာန တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(၁)	TV Transmitter Power Tube	(1) Lot
(၂)	TV Lighting Lamp	(1) Lot
(၃)	Spares for DV Cam Camera & VCR	(1) Lot
(၄)	Replacement of Switch Gear Unit	(1) Lot
(၅)	Tower Foundation Materials for 10 KW TV TX	(1) Lot
(၆)	Computer System for Receive only System	(2) Lots
(၇)	250 W TV TX	(1) Set

(ခ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁)	Hilithodol Developer	(160) pkgs
(၂)	Agfa Developer	(60) bots

(ဂ) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(၁)	ဖလင်ရိုင်း (35 mm Fuji Colour Negative Film-400')	(200) Rolls
(၂)	ဖလင်ဆေးစိမ်လုပ်ငန်းသုံးဓာတ်ဆေး	(19) kds

၂။ တင်ဒါပေးသွင်းမှုကို ၁၁–၆–၂၀၀၄ ရက် ၁၆:၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

Asia Express Co.,Ltd: တွင် တာဝန်ထမ်းဆောင်ရန်

(ကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

(၁)	Project/Hotel Manager	(၂) ဦး
(၂)	Receptionist	(၁၀) ဦး
(၃)	Marketing Execute/Manager	(၂) ဦး
(၄)	F & B Manager	(၂) ဦး
(၅)	Waiter	(၁၀) ဦး
(၆)	Housekeeping	(၁၀) ဦး
(၇)	Cleaner	(၁၀) ဦး
(၈)	Accountant/Manager	(၂) ဦး
(၉)	Construction Supervisor	(၅) ဦး
(၁၀)	Engineer A.G.T.I(Civil)	(၅) ဦး
	A.G.T.I(Electrical)	(၅) ဦး
(၁၁)	Carpenter (လက်သမား)	(၂) ဦး
(၁၂)	Plumber (ပိုက်ပြင်)	(၂) ဦး
(၁၃)	Security	(၁၅) ဦး
(၁၄)	Driver	(၃) ဦး

လျှောက်ထားလိုသူသည် ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ လေဘာမိတ္တူ၊ ရဲစခန်းထောက်ခံစာနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

Asia Plaza Hotel၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းထောင့်၊ ရန်ကုန်။
ဖုန်း– ၂၅၄၄၂၅

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

၂၀၀၄ ခုနှစ် မေ ၃၁ရက်နေ့သည် **‘ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့’** (World No- Tobacco Day)ပင်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (W.H.O)သည် ‘ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့’ကိုရောက်တိုင်း ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်သဖြင့် ရှောင်ကြဉ်ရန် ကမ္ဘာသူကမ္ဘာသားတို့၏ အသက်ရှည်ရေး၊ ကျန်းမာရေးတို့အတွက် သတိပေးနှိုးဆော်ချက်ဆောင်ပုဒ်တစ်ခုစီကို နှစ်စဉ် ချမှတ်ပေးလေ့ရှိသည်။ ၂၀၀၄ခုနှစ် မေ၃၁ရက်တွင် ကျရောက်မည့် **‘ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့’** အတွက် ဆောင်ပုဒ်တစ်ခုကို ချမှတ်ပေးထားသည်။ ယင်းဆောင်ပုဒ်ကို မြန်မာဘာသာဖြင့် ဆီလျော်အောင် ပြန်ဆိုထားသည်မှာ **‘ဆေးလိပ် ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ’**ဟူ၍ဖြစ်သည်။

ဆေးလိပ်အစ ဆေးရွက်ကြီးသမိုင်းကို လေ့လာလျှင် မူရင်းဒေသသည် အမေရိကတိုက်ပင်ဖြစ်သည်။ ရှေးဟောင်း ‘မာယာ’(Maya) ယဉ်ကျေးမှု ပေါ်ပေါက်ခဲ့သော နှစ်ပေါင်း၂၀၀၀ကျော်ကပင် အမေရိကတိုက်၌ ဆေးရွက်ကြီး ပေါ်ပေါက်နေပြီဖြစ်ကြောင်း သမိုင်းပညာရှင်များက ယူဆကြသည်။

နယ်မြေသစ်ကိုရှာဖွေသော ဥရောပတိုက်သား ‘ကိုလန်ဘတ်’သည် ခရစ်နှစ် ၁၄၉၂ ခုနှစ်တွင် အမေရိကတိုက်ရှိ ‘ဗဟားမား’ကျွန်းသို့ရောက်ခဲ့သည်။ ထိုကျွန်းမှ လူရိုင်းခေါင်းဆောင်ပေးသော ဆေးရွက်ကို ‘ကိုလန်ဘတ်’က ဥရောပသို့ သယ်ဆောင်ပေးခဲ့သည်။ ထို့ပြင် မက္ကဆီကိုနိုင်ငံသို့ သံတမန်အဖြစ် သွားရောက်ခဲ့သော စပိန်လူမျိုးဆရာဝန် ‘စစ္စတိုဟာနန်ဒက်’သည် ဥရောပသို့လည်းကောင်း၊ ပေါ်တူဂီနိုင်ငံတွင် သံတမန်အဖြစ်အမှုထမ်းသော ‘ဇန်းနီကော’သည် ပြင်သစ်နိုင်ငံသို့လည်းကောင်း ဆေးရွက်ကြီးမျိုးစေ့ကို သယ်ဆောင်ခဲ့သည်။ ဆေးရွက်ကြီးတွင် ပါဝင်သော ‘နီကောတင်း’ဓာတ်သည် ထိုသံအမတ်ကြီး ‘နီကော’အား ဂုဏ်ပြု၍ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဆေးရွက်ကြီး မျိုးစေ့သည် အာရှ၊ အာဖရိကနှင့် တရုတ်နိုင်ငံများသို့ ပျံ့နှံ့လာခဲ့သည်။

၁၈ရာစုခန့်တွင် ပေါ်တူဂီနှင့် အီတလီနိုင်ငံတို့တွင် စက္ကူဖြင့် ဆေးလိပ်လိပ်သောက်သောအလေ့ စတင်ခဲ့သည်။ ‘စီးကရက်’ဆိုသော စကားလုံးကို ပြင်သစ်နိုင်ငံမှ စတင်သုံးစွဲခဲ့သည်။ ကမ္ဘာပေါ်တွင် စီးကရက်သောက်သုံးမှု လျင်မြန်စွာ ပျံ့နှံ့လာရခြင်းအကြောင်းမှာ ၁၈၅၃ခုနှစ် ကျူးဘားနိုင်ငံ ‘ဟာဗား နား’ မြို့တွင် ပထမဆုံး စီးကရက်စက်ရုံ ပေါ်ပေါက်လာခြင်းကြောင့်ပင်ဖြစ်သည်။ ၂၀ရာစု အစောပိုင်းတွင် ကမ္ဘာတစ်ဝန်း စီးကရက်စက်ရုံများ အများအပြား ပေါ်ထွန်းလာသည့်အတွက် စီးကရက်သောက်သုံးမှု လျင်မြန်စွာ တိုးပွားကျယ်ပြန့်လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်၊ ဆေးတံနှင့် ပတ်သက်၍ ပုဂံခေတ်ကျောက်စာ၊ အင်းဝခေတ်ကျောက်စာ ကဗျာလင်္ကာများတွင် မတွေ့ရှိရပေ။ ညောင်ရမ်းခေတ်ရောက်မှသာ ‘ဝန်ကြီးပဒေသရာဇာ’ (အေဒီ ၁၆၇၃-၁၇၄၄)က လယ်သမားဘွဲ့တျာချင်းတွင် ‘ဆေးတံတထွာကိုက်ကာ ထွန်ရင်း၊ လယ်ကွက်တစ်ခွင် ထွန်ရေးငင်---’ဟူ၍လည်းကောင်း၊ စိန္တကျော်သူဦးဩ(အေဒီ ၁၇၃၆-၁၇၇၂) က ဩဝါဒထူးပျို့ ပိုဒ်ရေ(၄၁)တွင် ‘ပြည်ရွာမင်းရေးမှု ရှုပ်ထွေးလည်း၊ ဆေးတအိုးကျွမ်း၊ ကွမ်းတရာညက်၊ စိတ်စက်ပျော်ပိုက်၊ လစ်လပ်ခိုက်တွင်၊ နှစ်ခြိုက်သာယာ၊ စီကုံးပါသည်---”ဟု လည်းကောင်း ဆေးတံနှင့်ပတ်သက်၍ တွေ့ရသည်။ ဆေးတံနှင့်ပတ်သက်၍ ခိုင်မာသော အစောဆုံး အထောက်အထားမှာ ညောင်ရမ်းခေတ် သာလွန်မင်း(အေဒီ ၁၆၂၉-၁၆၄၈) လက်ထက် ခရစ်နှစ် ၁၆၃၇ ခုနှစ်တွင် ထုတ်ပြန်သော မီးဘေးကာကွယ်ရေး အမိန့်ပြန်တမ်းပင်ဖြစ်သည်။ ယင်းအမိန့်ပြန်တမ်းတွင် “ လမ်းခရီး လမ်းကူးလမ်းကြား၊ လမ်းကွေ့ပြင်အတွင်း အိမ်များမှာလည်း ဆေးအိုး၊ ဆေးတံသောက်၍ မသွားမလာစေနှင့်၊ သွားလာသူကိုတွေ့လျှင် ဆေးအိုးဆေးတံကို လုယူသိမ်းထား၍ အချက် ၁၀၀ရိုက်---” ဟုတွေ့ရသည်။

ထို့ပြင် ကုန်းဘောင်ခေတ်သို့ ရောက်လာသောအခါ စာဆိုမယ်ခွေ (အေဒီ ၁၇၈၈-၁၈၄၈) က သူ၏ဒွေးချိုးတွင် “ ဆေးတံတို တည့်ဖြိုလောက် ရှော့သောက်တော့ပေး--” ဟူ၍လည်းကောင်း၊ လေးချိုးတွင် “ ညှာအနားရှေ့ သွားနှင့် ကိုက်လို့တို မချို တောင့်လိပ်ဆေး---” ဟူ၍လည်းကောင်း စပ်ဆိုခဲ့သည်။

ဤသို့သော အထောက်အထားများကြောင့် မြန်မာနိုင်ငံတွင် ဆေးတံ ဆေးလိပ်များ စတင်သောက်သုံးလာကြောင်း သိရှိရသည်။ မြန်မာနိုင်ငံသည် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ဖြင့် ဗြိတိသျှသူ့ကျွန် လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ပထမကမ္ဘာစစ် (၁၉၁၄-၁၈) ပြီးစလောက်တွင် မြန်မာနိုင်ငံသို့ စီးကရက် စတင်ရောက်ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ် (၁၉၃၉-၁၉၄၅) အပြီး မြန်မာနိုင်ငံသို့ ဗြိတိသျှတို့ ပြန်လည်ရောက်ရှိလာသော အခါတွင် စီးကရက်သောက်သုံးမှု ပို၍ကျယ်ပြန့်လာခဲ့သည်။

၁၉၄၈ခု မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသောအခါတွင် စီးကရက်စက်ရုံများ အများအပြား ပေါ်ထွက်လာခဲ့သည်။ ၁၉၅၅ခုနှစ်တွင် ဗာဂျီးနီးယားဆေး စီမံကိန်း ပေါ်ထွက်လာပြီးနောက်တွင် စီးကရက်ထုတ်လုပ်မှုမှာလည်း အရှိန်အဟုန်မြင့်တက်လာခဲ့ပြီး သောက်သုံးမှု တိုးတက်များပြားလာခဲ့သည်။

ဆေးလိပ်သောက်သုံးခြင်းဖြင့် လူများကိုရောဂါရ၍ အသက်ဆုံးရှုံးစေနိုင်သည်။ ဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်းအမျိုးအစားပေါင်း ၃၀၀၀ကျော်ပါဝင်ကြောင်း သုတေသီသိပ္ပံပညာရှင်များက ဆိုသည်။ လူများကို အန္တရာယ်ပေးသော နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ကတ္တရာ၊ အမိုးနီးယား၊ ဘင်ဇင်း၊ ပိုင်ရီဒင်း၊ ဖိနော၊ အက်ဆီတုန်း စသောဓာတ်များသည် ရာခိုင်နှုန်းများများပါဝင်သည်။ ယင်းဓာတ်များထဲတွင် အဓိက အဆိုးဆုံးအဆိပ်သုံးမျိုးမှာ (၁) နီကိုတင်း(Nicotine) (၂) ကာဗွန်မိုနောက်ဆိုက် (Carbon Monocide) နှင့် (၃) ကတ္တရာ၊ သို့မဟုတ် ဆေးချေး (Tar)ဓာတ်များဖြစ်သည်။

ဆေးလိပ်ကို စွဲလမ်းစွာ သောက်ရခြင်းမှာ စွဲလမ်းစေသော နီကိုတင်း (Nicotine) ဓာတ်သည် အဓိကဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (W.H.O)က ဆေးလိပ်ကို စွဲလမ်းစွာသောက်သုံးခြင်းသည် ‘နီကိုတင်း’ ဓာတ်ကြောင့်ဟု ကြေညာထားသည်။ ‘နီကိုတင်း’ ဓာတ်ကြောင့် စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်များကို စမ်းသပ်သောက်မိသူများသည် တဖြည်းဖြည်း စွဲလမ်းလာပြီး ဖြတ်မရအောင်ဖြစ်ရတော့သည်။ ထို့ကြောင့် ဆေးလိပ်တွင် ‘နီကိုတင်း’ ဓာတ်သည် အဓိကတရားခံ အန္တရာယ်ပေးသောဓာတ် ဖြစ်သည်။ ဆေးလိပ်၊ ဆေးတံသောက်သုံးခြင်းဖြင့် သောက်သုံးသူကို သာမက ဘေးပတ်ဝန်းကျင် အနီးအနားမှ လူများကိုလည်း ထိုဆေးငွေ့ကြောင့် ဒုက္ခပေးနိုင်သည်။

စီးကရက်၊ဆေးပေါ့လိပ်၊ဆေးပြင်းလိပ်၊ဆေးတံ၊ဖက်လိပ်စသည်တို့ကို သောက်သုံးခြင်းဖြင့် အဆုတ်ရောဂါ၊သွေးတိုးရောဂါ၊နှလုံးရောဂါ၊ သွေးကြောကျဉ်း သွေးကြောပိတ်၍ ခြေလက်ဖြတ်ရသောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိမှုန်ခြင်း၊ မျက်စိကွယ်ခြင်း၊ လေဖြတ်ခြင်း၊ ကင်ဆာအမျိုးမျိုးဖြစ်ခြင်း၊ အသက်ရှူမဝခြင်း၊ သားသမီးမရနိုင်ခြင်း၊ သားလျှောခြင်း၊မွေးရာပါချို့ယွင်းခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းတွက်ချက်မှုစာရင်းအရ ဆေးလိပ်သောက်သုံးမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူ ၄ဒသမ၉သန်းကျော် သေဆုံးနေကြောင်း သိရှိရသည်။

မောင်ကျော်လှိုင် (အသုတ်)

သိပ္ပံပညာရှင်များသည် ၁၉၅၀ပြည့်နှစ်ခန့်ကပင် ဆေးလိပ်အန္တရာယ်နှင့် ပတ်သက်၍ သုတေသနပြုလုပ်ခဲ့ကြရာ ဆေးလိပ်ငွေ့သည် လူသားများကို အန္တရာယ် တကယ်ပင်ပေးနိုင်ကြောင်း သိရှိလာခဲ့ကြသည်။ ၁၉၇၀ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဆေးရွက်ကြီးသည် လူသားတို့ကိုဒုက္ခပေးနိုင်ကြောင်း ကြေညာခဲ့သည်။ ၁၉၇၆ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သော (၂၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံကြီးတွင် ဆေးလိပ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများကို ထည့်သွင်းစဉ်းစားခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်မသောက်ရေး လှုပ်ရှားမှုများကို ၁၉၈၀ပြည့်နှစ်ကတည်းကပင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ၁၉၈၀ပြည့်နှစ်တွင် ကျင်းပသော ‘ကမ္ဘာ့ကျန်းမာရေးနေ့’တွင် “ဆေးလိပ်နှင့်ကျန်းမာရေး သင်ကြိုက်ရာရွေး”ဟူသည့်ဆောင်ပုဒ်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်များကို ဖော်ထုတ်၍ ဆေးလိပ်မသောက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ဆေးလိပ်သောက်ခြင်းအလေ့အထသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့နေပေသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ကမ္ဘာသူကမ္ဘာသားများ ဒုက္ခအထွေထွေကျရောက်နေသည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (W.H.O)က သိမြင်သည့်အလျောက် ၁၉၈၉ခုနှစ် မေလ၃၁ရက်နေ့မှစ၍ ကမ္ဘာသူကမ္ဘာသားများ၏ ကျန်းမာရေးအတွက် **“ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့”**ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၀၄ခုနှစ် မေလ ၃၁ရက်နေ့တွင် (၁၆)နှစ်သို့ပင် ရောက်ခဲ့ပေပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးလိပ်မသောက်ရေး ကာကွယ်တားဆီးရေး အတွက် နှစ်စဉ်ဆေးလိပ်မသောက်ရေး ဆောင်ပုဒ်တစ်ခုစီကို အင်္ဂလိပ်ဘာသာဖြင့် ချမှတ်ပေးခဲ့သည်။ ယင်းဆောင်ပုဒ်များကို အောက်ပါအတိုင်း နှစ်စဉ်မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆိုဆောင်ရွက်ခဲ့သည်။

၁၉၈၉-မိခင်နှင့်ကလေးကျန်းမာရေး ဆေးလိပ်ရှောင်ကြဉ်ပေး
၁၉၉၀-ဆေးလိပ်ကင်းဝေးကြီးပြင်းရေး
၁၉၉၁-ယာဉ်စီးသွားလာစုဝေးရာ ဆေးလိပ်ရှောင်ကြဉ်ပါ
၁၉၉၂-ဆေးလိပ်ရှောင်ကြဉ်လုပ်ငန်းခွင်
၁၉၉၃-ဆေးလိပ်ဆေးရွက်မသောက်သုံးရေး ကျန်းမာရေးဌာနကနမူနာပေး
၁၉၉၄-လူထုဆက်သွယ်ပညာပေး ဆေးလိပ်ဆန့်ကျင်ရေး
၁၉၉၅-သင်ထင်သည်ထက် ဆုံးရှုံးမှာ ဆေးလိပ်သောက်ခြင်းပါ
၁၉၉၆-ဆေးလိပ်ကင်းကွာ အားကစားနှင့်အနုပညာ
၁၉၉၇-ဆေးလိပ်အန္တရာယ်ကင်းဝေးဖို့ စုပေါင်းဆောင်ရွက်စို့
၁၉၉၈-ဆေးလိပ်ကင်းဝေးကြီးပြင်းရေး ဝိုင်းဝန်းဆောင်ရွက်ပေး
၁၉၉၉-ဆေးလိပ်ဖြတ်ပါ ဘဝတာ ကျန်းမာစေကြောင်းနည်းလမ်းကောင်း
၂၀၀၀-ဆေးလိပ်ကြော်ငြာ ဆွဲဆောင်အား အန္တရာယ်ရှိသည်သတိထား
၂၀၀၁-လေထုသန့်စင်ဖို့ ဆေးလိပ်ရှောင်ကြစို့၊ သင့်ဆေးလိပ်ငွေ့ကြောင့် သူတစ်ပါး မထိခိုက်ပါစေနှင့်
၂၀၀၂-ဆေးလိပ်ဆေးရွက်မပတ်သက် အားကစားသက်သက် တို့ချီတက်
၂၀၀၃-ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ
၂၀၀၄-ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချမှတ်ပေးသော ဆောင်ပုဒ်များကို မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သည်။ ထို့ပြင် ၁၉၉၈ခုနှစ် မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် “ဆေးလိပ်ကင်းဝေးရေး စီမံချက်” (Tobacco-free Initiative Project)ကို အကောင်အထည်ဖော်ခဲ့ရာ အရှေ့တောင်အာရှဒေသအတွင်း ဆေးလိပ်ကင်းဝေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၉၈ခုနှစ် စက်တင်ဘာ၂၂ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော အမျိုးသားကျန်းမာရေးကော်မတီ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)က **“ဆေးလိပ်အန္တရာယ်သည် အမျိုးသားရေးကို ထိခိုက်နိုင်သဖြင့် လူငယ်လူရွယ်များအား ဆေးလိပ်အန္တရာယ်ရှိမှုကို ယခုထက် ပိုမိုထိရောက်အောင် ပညာပေးကြဖို့ မှာကြားလိုပါတယ်”** ဟု ပြောကြားခဲ့ပါသည်။ ထိုအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

(၁) ဆေးရုံစာသင်ကျောင်း၊ အစိုးရရုံးများ၊ ရုပ်ရှင်ရုံများ၊ စက်ရုံများအတွင်း ဆေးလိပ်မသောက်ရ ပညာပေးဆိုင်းဘုတ် တပ်ဆင်ပြီးတားမြစ်ရန်၊
(၂) အစိုးရရုံးများ၊ စက်ရုံများနှင့် ရုပ်ရှင်ရုံများ၏ အပြင်ဘက် သီးသန့်နေရာ၌သာဆေးလိပ်သောက်နိုင်ရန် သတ်မှတ်ရန်၊
(၃) အများပြည်သူအသုံးပြုသည့် ဘတ်စ်စကားများ၊ သင်္ဘောနှင့် မီးရထား၊ လေဆိပ်နှင့်လေယာဉ်များပေါ်တွင်ဆေးလိပ်သောက်ခြင်းကို တားမြစ်ရန်၊
(၄) စာသင်ကျောင်းများနှင့် ဆေးရုံများ ပတ်ဝန်းကျင်တွင် ဆေးလိပ်စီးကရက်ကြော်ငြာဆိုင်းဘုတ်များ ထောင်ခြင်းနှင့် ဆေးလိပ်ဆိုင်များ မရှိစေရေးအတွက် တားမြစ်ရန်၊
(၅) သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုမှနေ၍ ဆေးလိပ်၊ စီးကရက် အန္တရာယ် ကျန်းမာရေးပညာပေးအစီအစဉ်များ စဉ်ဆက်မပြတ် ထုတ်လွှင့်သွားရန်၊
(၆) စာသင်ကျောင်းများနှင့် ပြည်သူလူထုအတွင်း ဆေးလိပ်စီးကရက် အန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောခြင်းများ တိုးမြှင့်ဆောင်ရွက်သွားရန်၊
(၇) ရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြားကြော်ငြာများတွင် ဆေးလိပ်စီးကရက် သောက်ရန်အားပေးသည့် ကြော်ငြာများမပါရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်၊
(၈) ပြည်သူလူထုအတွင်း စီးကရက်၊ ဆေးလိပ်အန္တရာယ် ကာကွယ်ရေး အစီအစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊
(၉) အစိုးရဌာနများ၊ ပုဂ္ဂလိကဌာနများကို အခြေခံ၍ စီးကရက်ဆေးလိပ် အန္တရာယ် ကာကွယ်ရေးအစီအစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊
(၁၀) ရုပ်မြင်သံကြားအစီအစဉ်၊ ရေဒီယိုနှင့် သတင်းစာမဂ္ဂဇင်းများတွင် စီးကရက်၊ ဆေးလိပ်ကြော်ငြာများထည့်သွင်းခြင်းကို ပိတ်ပင်တားဆီးရန်၊ သက်ဆိုင်ရာများနှင့် ညှိနှိုင်းရန်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၆ရက်နေ့အထိ မြန်မာနိုင်ငံသို့ အရှေ့တောင်အာရှဒေသ ဆေးလိပ်သောက်သုံးမှု ကင်းဝေးရေး အထိမ်းအမှတ် မီးရှူးတိုင်ရောက်ရှိခဲ့ရာ တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ် ကင်းဝေးရေးလှုပ်ရှားမှုများဖြစ်သော ဆိုင်းဘုတ်စိုက်ထူပွဲများ၊ ပညာပေးဟောပြောပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ သီချင်းနှင့်ဓာတ်လမ်းထုတ်လွှင့်ခြင်းများဖြင့် ကြိုဆိုခဲ့သည်။

၂၀၀၁ခုနှစ် မေလ ၂၁ ရက်နေ့တွင် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် **‘ဆေးလိပ်မသောက်ရ’**ဟူသော အမိန့်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ထို့အပြင် အခြေခံပညာဦးစီးဌာနများနှင့် ပေါင်း၍ **‘ဆေးလိပ်ကင်းဝေးသော ကျောင်းများ’** (Tobacco Free School) စီမံချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆေးလိပ်အန္တရာယ်ကာကွယ်တားဆီးရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများပါဝင်သော ‘အမျိုးသားဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေးကော်မတီ’ကို ၂၀၀၂ ခုနှစ် မတ်လ ၁၃ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ယင်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၀၂ခုနှစ် ဧပြီလ ၂၄ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့၍ ဆေးလိပ် အန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၂ ခုနှစ် မေလ ၃၁ရက်နေ့ **‘ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့’**မတိုင်မီ အကြိုလှုပ်ရှားမှုအနေဖြင့် ဆေးလိပ် အန္တရာယ် (Facts on Tobacco)စာအုပ် ၁၂၀၀၀ကို တစ်ပြည်လုံးသို့ အခမဲ့ ကျယ်ပြန့်စွာ ဖြန့်ဝေခဲ့သည်။

၂၀၀၃ခုနှစ် မေလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ (၅၆)ကြိမ်မြောက် ညီလာခံတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံများပါဝင်သော “နိုင်ငံတကာဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကွန်ဗင်းရှင်း” (Frame Work Convention on Tobacco Control)ကို အတည်ပြုနိုင်ခဲ့သည်။ ထိုကွန်ဗင်းရှင်းကြီးသည် ဆေးလိပ်သောက်ခြင်းကြောင့် စောစီးစွာ အသက်အန္တရာယ်ထိခိုက်သေဆုံးရခြင်းများကို ကာကွယ်တားဆီးရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆေးလိပ်ဆေးရွက်တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်အတူ အစဉ်တစိုက်ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ၂၀၀၃ခုနှစ် အောက်တိုဘာလတွင်“နိုင်ငံတကာဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကွန်ဗင်းရှင်း”တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီလတွင် အတည်ပြုနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ထိုကွန်ဗင်းရှင်းကြီးကို အတည်ပြုသော ၁၁နိုင်ငံမြောက်နိုင်ငံဖြစ်သဖြင့် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန် ဦးတည်ချက်(၁၂)ရပ်ဖြင့် ချမှတ်တည်ဆောက်နေချိန်ဖြစ်သည်။ ယင်းဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ရာ၌ လူမှုရေးဦးတည်ချက်လေးရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သော **“တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”** ဟူသော ဦးတည်ချက်ပါရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ရည်မှန်းချက်(၂)ရပ် ချမှတ်ထားသည်။ ယင်းတို့မှာ (၁) လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် (၂)လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့ဖြစ်သည်။

ယင်းသို့သော ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် အညီ တိုင်းရင်းသားပြည်သူအားလုံးသည် ရောဂါကင်းရှင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံရန် လိုအပ်ပေသည်။ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော **“ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ”** ဟူသော ဆောင်ပုဒ်နှင့်အညီ အန္တရာယ်ဆေးလိပ်ဘေးဝေးဝေးက ရှောင်ကြပါစို့ဟု ၂၀၀၄ခုနှစ် မေလ ၃၁ရက်နေ့တွင် ကျရောက်မည့် “ **ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့**” ကို ကြိုဆိုလိုက်ရပါသည်။ ။

သနပ်ပင်ပြည်သူ့ဆေးရုံသို့ မီးစက်လှူဒါန်း

သနပ်ပင် မေ ၂၀

သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ကမ္ဘာ့သာသနာပြုဆရာတော် ဒေါက်တာအရှင်ဂမ္ဘီရဗုဒ္ဓိ(မွေ့စရိယ ပါဠိပါရဂူ) MA. PHD. Dip in English. **အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဆေးဝင်ဘာကျောင်းတိုက်နှင့် ဝေါမြို့ သုခိတာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကမှ မီးစက်တစ်လုံးလှူဒါန်းပွဲကို မေ ၁၆ ရက်က မြို့နယ်ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပသည်။**

ရှေးဦးစွာ ဒေါက်တာ အရှင်ဂမ္ဘီရဗုဒ္ဓိမှ မီးစက်လှူဒါန်းရခြင်းအကြောင်းနှင့် ဩဝါဒစကား မြွက်ကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်ကျော်မြင့်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ပေးအပ်

ထို့နောက် ဆရာတော်၏ အကျိုးဆောင် ဦးစန်းချိုက ဆေးရုံကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းသို့ JIANG DONG 7.5 KW မီးစက်တစ်လုံး၊ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်ကြီးတို့က အလှူရှင် ဒေါက်တာအရှင်ဂမ္ဘီရဗုဒ္ဓိကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

(အပေါ်ဝဲပုံ)(မြို့နယ် ပြန်/ဆက်)

စုပေါင်းသန့်ရှင်း

မေ၁၈ရက်က ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေနံချောင်းမြို့ မြို့မတောင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်း တူးဖော်ခြင်း၊ ရေနုတ်မြောင်း ဆယ်ယူခြင်း၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဒုဦးစီးမှူး ဦးအောင်ရွှေတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဗိမာန်ရှင်နာရေးကူညီမှုအသင်းမှ စေတနာရှင်များ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်

ပဲခူး မေ ၂၆

ပဲခူးမြို့နယ် ဗိမာန်ရှင်နာရေးကူညီမှုအသင်းမှ စေတနာရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မေ ၂၃ ရက်က ပဲခူးမြို့ ဉာဏဗလပရိယတ္တိစာသင်တိုက်ဓမ္မာရုံတွင် ကျင်းပပြုလုပ်ရာ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဉာဏဗလပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဦးဝိနယ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ)က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဉာဏဗလ ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဦးဝိနယကို ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်သည်။**(အပေါ်ပုံ)**

ထို့နောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ အဆိုပါ ဗိမာန်ရှင်နာရေးကူညီမှု အသင်းကြီးက ဇွန် ၁ ရက်မှစတင်၍ အခမဲ့ကူညီသွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အလှူရှင်စက်ရေတွင်း စလင်းမြို့နယ်၌ဖွင့်

စလင်း မေ ၂၀

မကွေးတိုင်း စလင်းမြို့နယ် ဒေါင့်ဘိုးစံပြကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်အောင်မြင်သော အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က အဆိုပါစက်ရေတွင်းအနီး မုခ်ဦးရှေ့တွင် ကျင်းပသည်။

စက်ရေတွင်းဖွင့်ပွဲ တွင် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်အရ အလှူရှင်စက်ရေတွင်းများတူးဖော်ခြင်းနှင့် ရေရှည်တည်တံ့ရေးဆောင်ရွက်ကြရန်မှာကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ယာယီအမှုဆောင်အရာရှိ ဒေါ်စိုးစိုးသန်းတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ စက်ရေတွင်းသည် တစ်နာရီ ရေဂါလန် ၁၀၀၀ခန့်ထွက်ရှိသဖြင့် ဒေါင့်ဘိုးရွာနေ အိမ်ထောင်စု ၂၀၃စုမှ လူဦးရေ၁၁၅၃ ဦးတို့ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက်က အောက်ကျင်းရပ်ကွက် အောင်မြင်ရွှေဘုံ ဘုန်းကြီးကျောင်းရှေ့၌ ကျင်းပရာ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်နှင့် အလှူရှင်ဒေါ်တင်တင်အေးတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မေ၁၅ ရက်က ပုသိမ်မြို့သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရှင်ပင်ဘုန်းပွင့်လမ်း တက်ဆိပ်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရန် အမှိုက်များ ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မေ ၁၃ ရက်က ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် ရုံးဝန်ထမ်းများ စုပေါင်း၍ မြို့တွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြစဉ်။
(မြို့နယ်/စည်ပင်)

မြို့ဝင်မုခ်ဦးဆောက်

မအူပင် မေ ၂၃

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပရေးအတွက်ဆောင်ရွက်လျက်ရှိသည့် မြို့ဝင်မုခ်ဦးဆောက်လုပ်မှုကို မေ ၁၉ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

မြို့သန့်ရှင်းရေးဆောင်ရွက်

ဝမ်းတွင်း မေ ၂၀

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝမ်းတွင်းဗိုလ်ချုပ်ပန်းခြံအတွင်း သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များစုပေါင်းရှင်းလင်းခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မြေတူးဖော်ခြင်းတို့ကို ဝန်ထမ်းအင်အား ၆၀ဖြင့် မေ ၁၅ ရက်က ဆောင်ရွက်ကြသည်။

အဆိုပါ မြို့သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစောထွန်းစိန်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုငွေ ၂၁ဒသမ ၄သိန်းဖြင့် ဆောင်ရွက်မည့် ပေ၂၈၀၀ အရှည်ရှိသော ဝက်လှကြီး–ဝက်လှလေး ကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဂဝံကျောက်များ ဝယ်ယူစုဆောင်းထားရှိမှုကို မင်းလှမြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးသီဟထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်အောင်တို့ မေ၂၁ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန်

ပညာပေးနှိုးဆော်ချက် (၁/၇၉)

ငါးရစ်၊ ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

စာပြန်ပွဲ ပူဇော်ရန် အလှူငွေပေးအပ်

မော်လမြိုင် မေ ၂၅

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်လုံးဆိုင်ရာ ရွှေကျင်နိကာယဝိနယာနုဂ္ဂဟအသင်းကကြီးမှူး၍ မော်လမြိုင်မြို့ မောင်ငံနယ်မြေရှိ မဟာမြိုင်ပရိယတ္တိစာသင်တိုက်တွင် ဝိနည်းရေးဖြေအာဂုံပြန်စာပြန်ပွဲ၊ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ပူဇော်ပွဲကျင်းပရေးအတွက် အလှူငွေစုပေါင်းပေးအပ်ပွဲနှင့် အလှူရှင်များ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပွဲကို မေ ၂၂ရက်က ကျင်းပသည်။(ဝဲပုံ)

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ဖားအောက်တောရ စကြိန်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဥူးအောစိဏ္ဏ၊ မဟာမြိုင်ပရိယတ္တိ စာသင်တိုက်၊ ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ဥူးခန္တီ သရတို့ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကျင်းပရာ အလှူရှင်များ လှူဒါန်းသည့် ကျပ်သိန်း ၁၆၀ ကျော်လက်ခံရယူပြီး အလှူရှင်နာယက ဆရာတော်များ၊ စေတနာရှင်များနှင့် အလှူရှင်များကို နှစ် (၁၀၀)ပြည့်ပူဇော်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးထွန်းနောင်နှင့်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြသည်။ **(၁၆၈)**

ပြည်မြို့ ဆင်စုရပ်ကွက် ထားဝယ်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဓာရ မထေရ်မြတ်ကြီးအား ချီးကျူးဂုဏ်ပြုသော ဂုဏာပူဇာမင်္ဂလာနှင့် သက်တော်(၇၅)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာကို ဧပြီ ၂၅ရက်က ပြည်-ထားဝယ်ကျောင်း၌ ပြုလုပ်ရာ အလှူရှင်များက ဆရာတော်မထေရ်မြတ်ကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(၁၉၉)

ရှစ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များတွေ့ဆုံ

သာယာဝတီ မေ ၂၂

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယကနှင့် သာယာဝတီခရိုင် ရှစ်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို မေ ၁၆ရက်က သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်မြင့်၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်တင်တင်ဝင်းတို့က အသင်းကြီး၏ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများကို ရှင်းလင်းဆွေးနွေးပြီး ရှစ်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက အသင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)



ဖျာပုံခရိုင် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ကျိုက်လတ် မေ ၂၃

ဖျာပုံခရိုင် ဥက္ကဋ္ဌဖလား လေးမြို့နယ်အသက် (၁၇)အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျိုက်လတ်မြို့ ပြည်သူ့အားကစားကွင်းတွင် မေ ၁၈ရက်က ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ဖျာပုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ပြိုင်ပွဲအားဘောလုံးကန်၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး ပထမပွဲစဉ်အဖြစ် ဖျာပုံမြို့နယ်အသင်းနှင့် ကျိုက်လတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျိုက်လတ်မြို့နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အကောင်းဆုံးဘောလုံးသမားဆုကို ကျိုက်လတ်မြို့နယ်အသင်းမှ နိုင်လင်းဦးကို ခရိုင်ဥက္ကဋ္ဌက ဆုချီးမြှင့်ကြောင်း သိရသည်။ **(ဝ၅၈)**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ခွာနာလျှာနာရောဂါ သတိပေးနှိုးဆော်ချက်

၁။ ရောဂါဖြစ်ပွားသောအချိန်ကာလ

စိုစွတ်သော ရာသီသည် ခွာနာလျှာနာရောဂါပိုးများ ပေါက်ပွားပျံ့နှံ့မှုကို အားပေးသဖြင့် မြန်မာနိုင်ငံတွင် ခွာနာလျှာနာရောဂါသည် မိုးရာသီတွင် ၉၅ရာခိုင်နှုန်းခန့်အထိ အဖြစ်များပြီး နွေရာသီတွင် နှစ်ရာခိုင်နှုန်းခန့်နှင့် ဆောင်းရာသီတွင် သုံးရာခိုင်နှုန်းခန့် ဖြစ်ပွားတတ်သည်။ အထူးသဖြင့် မေလမှ ဩဂုတ်လအတွင်း အဖြစ်များပြီး အခြားလများတွင် ကွက်တိကွက်ကျားဖြစ်လေ့ရှိသည်။

၂။ ရောဂါဖြစ်ပွားစေသောပိုးအမျိုးအစားနှင့် တိရစ္ဆာန်များ

ဤရောဂါသည် လျင်မြန်စွာပြန့်ပွားကူးစက်တတ်သော ခွနာလျှာနာဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ရောဂါပိုးမျိုးကွဲ(၇) မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် “အို”အမျိုးအစားမှာ အဖြစ်များပြီး “အာရှ-၁” အမျိုးအစားသည် ရံဖန်ရံခါဖြစ်ပွားတတ်သည်။ ၎င်းရောဂါသည် ခွာကွဲတိရစ္ဆာန်များဖြစ်သည့် ကျွဲနွား၊ သိုးဆိတ်၊ ဝက်၊ ကုလားအုပ်နှင့် တောရိုင်း ခွာကွဲတိရစ္ဆာန်တို့တွင် ဖြစ်ပွားတတ်သည်။

၃။ ရောဂါအသွင်လက္ခဏာများ

(က) ကိုယ်အပူချိန်မြင့်၍ အစာမစားဘဲငေးမှိုင်ခြင်း၊
(ခ) သွားရေကျ၍ နှုတ်ခမ်းများ အထိမခံနိုင်ခြင်း၊
(ဂ) လျှာ၊ အာခေါင်၊ သွားဖုံး၊ ပါးစပ်အတွင်းတွင် အရည်ကြည်ဖုများပေါ်ပေါက်လာပြီး ၂၄ နာရီအတွင်း အရည်ကြည်ဖုများပေါက်ကွဲကာ အရေးပြားကွာသည့် အနာများဖြစ်လာခြင်း၊
(ဃ) ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အလားတူ အရည်ကြည်ဖုများဖြစ်ပေါ်ပြီး အနာများဖြစ်လာခြင်း၊ လမ်းကောင်းစွာ မလျှောက်နိုင်ခြင်း၊
(င) ကိုယ်အလေးချိန်လျော့ကျ၍ အမွေး ဆောင်းလာခြင်း၊
(စ) (၆) လအောက် နွားငယ်များမှာ နှလုံးရောင်ရမ်း၍ ရုတ်တရက်သေဆုံးခြင်း၊
(ဆ) အသက်အရွယ်ကြီးရင့်သော နွားများတွင် ခွာ၌ရောဂါလက္ခဏာပြင်းထန်တတ်သဖြင့် စားကျက်သို့ သွားရောက်နိုင်ခြင်းမရှိဘဲ အစာငတ်သေဆုံးနိုင်ခြင်း၊
(ဇ) နွားငယ်လေးများတွင် လျှာ၌ အနာဖြစ်ပါက နို့မစို့နိုင်ဘဲသေဆုံးနိုင်ခြင်း။

၄။ ခွာနာလျှာနာဖြစ်ပွားလျှင်လိုက်နာဆောင်ရွက်ရန်

(က) ရောဂါဖြစ်ပွားနေကြောင်း ကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ အာဏာပိုင်အဖွဲ့အစည်း(သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်၊
(ခ) ရောဂါဖြစ်ပွားနေချိန်တွင် ကူးသန်းသွားလာမှုထိန်းချုပ်ကန့်သတ်၍ ရောဂါဖြစ်နေသော တိရစ္ဆာန်များအား ခြောက်သွေ့သောနေရာများတွင် သီးခြား ထိန်းသိမ်းပြုစုထားရှိရန်၊
(ဂ) ရောဂါဖြစ်ပွားနေသော ကျွဲနွားများအား အစာကြေလွယ်သော အစာနှင့် ကစီရည်များ တိုက်ကျွေးပေးရန်၊
(ဃ) ဆေးမြီးတိုနှင့်ကုသမှုတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ပြထားသည့် မှန်ကန်သောကုသနည်းဖြင့်ဆောင်ရွက်ရန်၊
(င) ရောဂါဖြစ်နေသည့် ကျွဲနွား တင်းကုပ်များနှင့် ပတ်ဝန်းကျင်တွင် အဝတ် လျှော်ဆိုဒါ လေးရာခိုင်နှုန်းဖျော်ရည်ဖြင့် ပက်ဖျန်းခြင်း သို့မဟုတ် ထုံးဖြူးခြင်းဖြင့် ပိုးသတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်၊
(စ) ရောဂါဖြစ်ပွားနေသော ကျွဲနွားများ၏ အစာအကြွင်းအကျန်များနှင့် ဆီး၊ ဝမ်းတို့အား ဖြစ်နိုင်ပါက သီးခြားမြေကျင်းတူး၍ စွန့်ပစ်ရန်၊
(ဆ) ခွာနာ လျှာနာရောဂါဖြစ်ပွားနေချိန်တွင် အိမ်မွေးဝက်မွေးများအား ကျွဲနွားများနှင့် မထိတွေ့စေရေးအတွက် လွတ်ကျောင်းမထားဘဲ ခြံလှောင်ထိန်းသိမ်းရန်၊
(ဇ) ဝက်များရောဂါဖြစ်ပွားပါက လေထုအတွင်းသို့ ခွာနာလျှာနာရောဂါပိုးပျံ့နှံ့မှုပိုမိုများပြားနိုင်သောကြောင့် ဝက်များတွင် ခွာနာလျှာနာရောဂါ မဖြစ်ပွားစေရေး ဂရုစိုက်ထိန်းသိမ်းရန်။

၅။ ကျွဲနွားတစ်ကောင်ခြင်း ပြုစုစောင့်ရှောက်ရန်

(က) လျှာအတွက် ကုသနည်းများ

(၁) ကျောက်ချဉ် နှစ်ကျပ်သားကို ရေငှက်ပျောဖူးတစ်ပုလင်းဖြင့် ဖျော်ထားသော ဖျော်ရည်ဖြင့် လျှာအနာကို တစ်နေ့လေးကြိမ်ထက် မနည်းသုတ်လိမ်းပေးရန်၊
(၂) ငှက်ပျောသီးမှည့်နှစ်လုံးနှင့် ပျားရည်တစ်ကျပ်ခွဲသားရော၍ ပွတ်လိမ်းပေးရန်၊
(၃) တောစံပယ်မြစ်ကို သွေး၍ လျှာကိုသုတ်လိမ်းပေးရန်၊
(၄) ပါးစပ်နှင့်သွားဖုံးများကို အိမ်သုံးဆားရည်ဖြင့် သန့်စင်ဆေးကြောပေးရန်၊

(ခ) ခွာနာအတွက် ကုသနည်းများ

(၁) ခွာအနာကို ဖန်ရည်ဆေး၍ ဆေးကတ္တရာဖြင့် အနာထဲဝင်အောင် ထိရောက်စွာ သုတ်လိမ်းပေးရန် သို့မဟုတ် ရေနံချေးတစ်နေ့သုံးကြိမ် သုတ်လိမ်းပေးရန် သို့မဟုတ် ဆေးရွက်ကြီးတစ်ရွက်၊ ဆားတစ်ကျပ်သား၊ ထုံးငါးမူးသား၊ ရေနံဆီနှစ်ကျပ်သားရော၍ ထိရောက်စွာလိမ်းပေးရန်၊
(၂) လိမ်ခေါက်၊ မာလာခေါက်၊ တမာခေါက်၊ မန်ကျည်းခေါက် တစ်မျိုးမျိုးကို သွေး၍ ခွာအနာကို တစ်နေ့လျှင်လေးကြိမ်သုတ် လိမ်းပေးရန်။

(ဂ) ရှောင်ကြဉ်ရန်

(၁) ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်၏လျှာကို ငရုတ်မှုန့်ဖြင့် လိမ်းကျံခြင်း ခွာကိုသံပူတွင် နင်းစေခြင်းများမပြုလုပ်ရန်၊
(၂) ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်၏သွားရည်၊ စားမြုံ့များနှင့် ဆက်သွယ်သော အစားအစာများနှင့် သောက်ရေများကို ကျန်းမာနေသော အခြားကျွဲနွားများအားတိုက်ကျွေးခြင်းမပြုလုပ်ရန်၊
(၃) ရောဂါဖြစ်နေသော ကျွဲနွားတိရစ္ဆာန်များ ဆီးဝမ်းတို့ကို ရောဂါဖြစ်နေစဉ်ကာလအတွင်း မြေဩဇာအဖြစ် လယ်ထဲသို့ သယ်ယူဖြန့်ဖြူးခြင်းမပြုလုပ်ရန်နှင့် အခြားလူ၊ နွားတိရစ္ဆာန်များစုစည်းသည့် သောက်ရေကန်များ၊ စာကျက်များသို့ ရောက်ရှိမသွားစေရေးဆောင်ရွက်ရန်။

၆။ သတင်းပို့အကူအညီတောင်းခံရေး

ခွာနာလျှာနာရောဂါဖြစ်ပွားမှုရှိပါက ရောဂါကာကွယ်ကုသရေးနှင့် ထိန်းချုပ်ရေးတို့အတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများရှိ အနီးစပ်ဆုံးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တောင်သူလယ်သမား၊ မွေးမြူသူပိုင်ရှင်များမှ ဆောလျင်စွာ သတင်းပို့အကူအညီတောင်းခံကြပါရန် နှိုးဆော်အပ်သည်။

၇။ ကာကွယ်ဆေးကြိုတင်ထိုးရေး

ခွာနာလျှာနာရောဂါ ကာကွယ်ဆေးကို ကျွဲနွားများအား ပထမအကြိမ်ထိုးပေးပြီး နှစ်ပတ်နှင့်လေးပတ်ကြားတွင် နောက်တစ်ကြိမ် မပျက်မကွက်ထပ်ထိုးပါ။ ထို့နောက် ခြောက်လတစ်ကြိမ် အမြဲမှန်မှန်ကာကွယ်ဆေးထိုးပါ။ အသက်သုံးလအထက် ကျွဲနွားငယ်များနှင့် ကိုယ်ဝန်ဆောင် ကျွဲနွားများပါမကျန် ကာကွယ်ဆေးထိုးနိုင်သည်။ ကာကွယ်ဆေးထိုးရန် နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းနှင့်ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၈။ ကျွဲနွား ခွာနာလျှာနာရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများ

(က) ခိုင်းကျွဲနွား ရောဂါပျောက်ပြီးသော်လည်း ခိုင်းစေရာတွင် အမောမလုံခြင်း၊
(ခ) နို့ပေး နွားမများတွင် နို့ပေးလျော့ကျခြင်း၊
(ဂ) ဇီးနွားမများတွင် သားလျှောနိုင်ခြင်း၊
(ဃ) ခြောက်လအောက် ကျွဲနွားငယ်လေးများသေဆုံးတတ်ခြင်း၊
(င) တစ်သားနှင့် တစ်သားကြား သားပေါက်ကာလရှည်ကြာခြင်း၊ သားမြုံခြင်း။

၉။ နယ်စပ်ဒေသကျွဲနွားမွေးမြူသူများအထူးသတိပြုရန်

မြန်မာနိုင်ငံနှင့် နယ်မြေဆက်စပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများတွင် ခွာနာလျှာနာရောဂါဖြစ်ပွားမှုရှိပါက မိမိနိုင်ငံတွင် ဖြစ်ပွားခြင်းမရှိသေးသည့် ခွာနာလျှာနာရောဂါ ဗိုင်းရပ်စ်မျိုးကွဲများ (ဥပမာ-**အေ** သို့မဟုတ် **စီ**မျိုးကွဲများ) အား ခုခံမှုစွမ်းအားနည်းပါးနိုင်မှုကြောင့် သေကျေဆုံးရှုံးမှုများပြားနိုင်ပါသဖြင့်-

(က) ရောဂါဖြစ်ပွားနေသော အိမ်နီးချင်းနိုင်ငံမှ ကျွဲနွား၊ သိုး၊ ဆိတ်၊ ဝက်နှင့် ခွာကွဲသတ္တဝါများအား မိမိတို့၏ ခွာကွဲတိရစ္ဆာန်များနှင့် ထိတွေ့မှု မရှိစေရေး ထိန်းချုပ်ရန်၊
(ခ) ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်များအား ထိန်းကျောင်းသည့် လူ သယ်ဆောင်သည့် ယာဉ်၊ ကျွေးမွေးသည့်အစာ၊ အသုံးအဆောင်ပစ္စည်းစသည်တို့နှင့် ထိတွေ့မှုမရှိစေရန် လိုအပ်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

မွေးနေ့ဆုမွန်လွှာ

ချစ်ဖေဖေ ဦးကျော်မင်းလတ် (Chief Officer) (ဓေတ္တ-ဒိန်းမတ်)ရဲ့ မေလတွင် ကျရောက်သော မွေးနေ့မှသည် နှစ်တစ်ရာတိုင် ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံ၍ သာယာချမ်းမြေ့ကြည်နူးဖွယ်ကောင်းသော မိသားစုလေးကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ပြုလျက်။

ချစ်ဇနီး – ဒေါ်မိုးသန္တာရင်
ချစ်သား – မောင်ရဲလင်းကျော်
ချစ်သမီး – မမြမင်းသူဇာ

တိုက်(အေ)၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

2nd Engineer, JSM Co.,Ltd
A.G.T.I (MP), M.O.T 2nd Class Part A
နှင့်
M.D, New Morning Co.,Ltd
2nd Year, Physics(Hons),A.G.T.I (MP).
M.J Food Center

တိုက်ခန်းရောင်းမည်

ဆက်သွယ်ရန် ☎ 212767, 09-80-32279

KMD Computer Centre

IDCS/IDEC

31 May 2004
(1:00 to 5:00 PM)
Mon - Fri

Further Studies
Year One IDCS/IDEC ▶▶ Year Two IAD ▶▶ Year Three BCIS

KMD (Head Office) 550-552, Merchant Road, Kyauktada Tsp., Ygn.
Tel : 248156 / 381035 Email: kmd.rcc@yangon.net.mm

ဖခင်အမည်မှန်

ရန်ကုန်တိုင်း တိုက်ကြီးမြို့ အထက ကျောင်းမှ မစုဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း ၁၂/တကန(နိုင်) ၁၂၇၅၅၉ ဖြစ်ပါသည်။

မိုးရာသီရေကူးသင်တန်း

နေရာ– သထုံလမ်း တက္ကသိုလ်များ ရေကူးကန်
စမည့်ရက်–၂–၆–၂၀၀၄
ဖုန်း–၅၁၃၁၀၉

(Tu Tu-Su Su)
U.F.L

PHONETICS

Jewel Crown
Preschool, Computer & Language Centre
Preschool & Weekend Course
English Language & Computer Application Courses.
Current Teaching Books
Computer CD ROM
English (4 skills)
Grammar, Vocab
"Aircon Classes"
1 level = 10 students Only
"Ferry"

ဆိုင်ဖွင့်ပွဲ ၃ နှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်

280458

မာရှယ်အနုပညာ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်၊ လှိုင်မြင်းမိုရ်အိမ်ရာရှိ တိုက်ခန်းကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည်	အမည်ပြောင်း လျှောက်ထားသူ အမည်/မှတ်ပုံတင်	အမည်ပြောင်း လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
၁။	ဒေါ်အေးအေးမြင့် ၁၃/တခလ(နိုင်)၀၀၀၀၀၄	ဒေါ်ထားထားမိုး ၉/မရမ(နိုင်) ၀၀၂၈၂၂	တိုက် ၁၄၊ အခန်း ၄၊ လှိုင်မြင်းမိုရ်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃၀

ဦးခင်မောင်ဝင်း အခန်း ၄၊ အဆောင် ၂၆ အဝေးပြေးကားဂိတ်အတွင်း စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ် ရန်ကုန်မြို့	နှင့်	ဒေါက်တာဒေါ်နှင်းရီအေး မြို့နယ်အထူးကုဆရာဝန်ကြီး အမျိုးသမီးနှင့်ကလေးဆေးရုံကြီး တောင်ကြီးမြို့
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ ဒေါက်တာဒေါ်နှင်းရီအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်ဝင်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဇွန်လ ၁၁ ရက် (၁၃၆၆ခုနှစ် နယုန်လဆုတ် ၉ ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီ တင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူတစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာများ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၀၄ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(1) Sales Promoter (မ)

ဘွဲ့ရ သို့မဟုတ် ၁၀တန်းအောင်ပြီး၊ အသက် ၂၅ နှစ်အောက်ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ပြီး အပြောအဆို ပြေပြစ်ရည်မွန်ရမည်။

(2) Sales Representative (ကျား)

တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၅ နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိ၍ သွက်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးမည်။

(3) Driver (ကျား)

၁၀ တန်း အောင်ပြီး "င"လိုင်စင်ရှိရမည်။ အသက် ၃၈ နှစ်အောက် ယာဉ်မောင်းကျွမ်းကျင်၍ ယာဉ်မောင်းသက်တမ်းအနည်းဆုံး ငါးနှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့ အကြုံရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

အထက်ပါရာထူးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ခြောက်လအတွင်း ရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်၊ လိပ်စာ အပြည့်အစုံရေးသား၍ **အမှတ် ၅၂၀(ခုနစ်လွှာ)၊ Excel Treasure Tower၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့**သို့ ကြော်ငြာပါသည့်နေ့မှတစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

(ပြည့်စုံမှုမရှိသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)

ဒီကရီကိုအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂
ပဲခူးတိုင်းတရားသူကြီးရုံးတော်
၂၀၀၃ ခုနှစ် တရားမဇာရီမှုအမှတ် ၂၃(ဒိုက်ဦး)

သမဝါယမလီမိတက် (၎င်း၏ ဒု–မန်နေဂျာ ဦးအောင်တင့်)	**နှင့်**	၁။ ဦးတင်အောင်သန်း ၂။ ဒေါ်အေးကြည်(ကွယ်လွန်သူ ဦးမောင်ကို၏ တရားဝင်ကိုယ်စားလှယ်) ၃။ ဒေါ်သန်းသန်း ၄။ မနီနီဝင်း
တရားနိုင်		**တရားရှုံးများ**

အထက်ပါအမှုမှ **ဒေါ်အေးကြည် (ကွယ်လွန်သူ ဦးမောင်ကို၏ တရားဝင်ကိုယ်စားလှယ်)၊ အေးသုခကျေးရွာ၊ ကျိုက်စကောမြို့၊ ဒိုက်ဦးမြို့နယ် (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

ပဲခူးတိုင်း တရားရုံး၏ ၁၉၉၇ ခုနှစ် တရားမကြီးမှုအမှတ် ၃၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် တရားနိုင်ဖြစ်သူမှ လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ ရက် (၁၃၆၆ ခုနှစ် နယုန်လဆုတ် ၁၂ ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မင်းအောင်
တွဲဖက်တိုင်းတရားသူကြီး
ပဲခူးမြို့။

ဝမ်းနည်းကြေကွဲခြင်း

Dr.ဦးလှအောင်– Dr.ဒေါ်ခင်လေးတင့်တို့ ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ဌာနမှူးကြီး ဒေါ်သင်းသင်းလှိုင်နှင့် ဇီဝဓာတုဗေဒမိသားစု
တပ်မတော်ဆေးတက္ကသိုလ်၊ ရန်ကုန်။

အများသိစေရန်ကြေညာချက်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိစက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့် ရက်/အချိန်
၁။	Machine Clothings	8 Items	၇–၆–၂၀၀၄ မွန်းတည့်၁၂:၀၀နာရီ
၂။	Acetone Perlite	5 MT 2MT	၁၄–၆–၂၀၀၄ မွန်းတည့် ၁၂:၀၀ နာရီ
၃။	Double Disc Refiner	1 set	မွန်းတည့် ၁၂:၀၀ နာရီ
၄။	Plastic Container ပလတ်စတစ်ပုံးခွံ	၂ မျိုး	။
၅။	ဓာတုဗေဒပစ္စည်းကုန်ကြမ်း	၄ မျိုး	။

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

Computer Hardware Technician

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဝံသရက္ခိတလမ်း အိမ်အမှတ် ၈၇၄နေ ဦးမြသိန်း ၁၂/မရက(နိုင်)၀၄၂၃၅၃–ဒေါ်ခင်လှ ၁၂/မရက(နိုင်)၀၄၂၃၅၄တို့၏သမီး မစန်းစန်းမြင့် ၁၂/မရက(နိုင်)၀၄၂၃၅၇သည် မိဘ၏ဆိုဆုံးမမှုများကို အကြိမ်ကြိမ်လိုက်နာမှုမရှိဘဲ ၎င်း၏သဘောဖြင့် နေအိမ်မှ ၁၅–၂–၁၉၉၉ ရက်နေ့တွင် ဆင်းသွားပြီးသည့်တိုင် ယနေ့အထိ အမျိုးမျိုး အနှောင့်အယှက်ပေးနေပါသဖြင့် ၂၆–၅–၂၀၀၄ ရက်နေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဒေါ်ခင်လှ ၁၂/မရက(နိုင်) ၀၄၂၃၅၄

အမည်ပြောင်း

ဦးလှရွှေ၏သား တာမွေ အထက (၁) နဝမတန်းမှ မင်းထက်ကျော်အား ယနေ့မှစ၍ မောင်ထက်နိုင်ဟုခေါ်ပါရန်။

မောင်ထက်နိုင်။

လူပျောက်ကြော်ငြာ

ဦးမောင်ကို အသက်(၇၀)ခန့် အသားဖြူဖြူ ထိပ်ပြောင် ငါးပေ နှစ်လက်မသည် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း–၅၄၁၂၁၇။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် သ/၄၄၉၀ မာစီဒီးနှင့် ယာဉ်အမှတ် ၂က/၆၅၄၂ MARK II ကားတို့၏ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်များ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ကိုစည်သူထွန်း
၅၂/A ဝိဇ္ဇာလမ်း၊ ကိုးမိုင်၊ ရန်ကုန်မြို့
ဖုန်း–၆၅၀၂၂၅၊ ၀၉–၅၀ ၃၄၉၁၄

လူပျောက်ကြော်ငြာ

ကျွန်မ၏သမီးဖြစ်သူ မမိုးမိုးဝင်းအောင်သည် ၁၉–၂–၂၀၀၄ ရက်တွင် နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

သမီးကိစ္စအားလုံး အမေ ဖြေရှင်းပေးမည်။ ရောက်ရာအရပ်က အမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန်–

ဒေါ်နီ
အမှတ် (၁၁) ရွှေဟင်္သာလမ်း၊ က+ဂ ရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း–၅၄၈၆၈၁

ဒုတိယဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၁၀)
အသက်(၇၆)နှစ်

ပျဉ်းမနားမြို့ (ဦးစံညွန့်-ဒေါ်ခင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စောမဟာလမ်း၊ ခြံအမှတ် ၁၅ နေ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးသိုက်ထွန်း [ညွှန်/ချုပ်၊ စက်မှု(၁)]-ဒေါ်ဝေဝေအောင်၊ ဦးတင်ဇော်အောင်-ဒေါ်သူဇာလွင်၊ ဗိုလ်မှူးမြင့်နိုင်-ဒေါ်နီလာအောင်၊ ဦးကျော်သက်ဦး-ဒေါ်သီတာအောင်၊ ဦးတင်မော်အောင်-ဒေါ်စောမြတ်မြတ်မိုးတို့၏ဖခင်၊ မနေခြည်ထွန်း၊ မသက်ဆုပန်ထွန်း၊ မခင်ဝတီမောင်မောင်၊ မရွှန်းလဲ့ဝေ၊ မောင်မင်းခန့်ဘုန်း၊ မောင်ကျော်လကျာ်၊ မငယ်ငယ်စံတို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက် ည ၈ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်ထွန်း (သန်လျင်)
(သမဦးစီး၊ ငြိမ်း)
အသက်(၆၉)နှစ်

သန်လျင်မြို့နေ (ဦးအုန်းမောင်-ဒေါ်မြရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ ကုက္ကိုင်းရိပ်သာနေ (ဦးဘသောင်း-ဒေါ်မမကြီး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်၊ ယုဇနဉယျာဉ်မြို့တော်၊ အခန်းအမှတ် ၄၊ တိုက် ၈၊ ၉ လမ်း(အေ)နေ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးတင်ထွန်းဦး-ဒေါ်သီတာသန်း(YTU)၊ ဦးဇော်ဆန်း-ဒေါ်သန္တာမြင့်၊ ဦးအောင်သူဆွေ-ဒေါ်ထက်ယဉ်ဝင်း၊ ဦးဖြိုးမင်းသိန်းတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၅း၁၅ နာရီတွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ၈၄လမ်းနေ ဦးသူရိန်ဝင်းနှင့်ဒေါ်ဝင်းစန္ဒာအောင်(Pacific သောက်ရေသန့်)တို့၏မိဘများဖြစ်သော Dr.ဦးလှအောင်-Dr.ဒေါ်ခင်လေးတင့်နှင့်သား မောင်စွမ်းထက်ဝင်း၊ သမီး မအင်ကြင်းဖြူတို့သည် ၂၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်ဖေသက်-မတိုးတိုးဝင်း၊ကိုသိန်းလင်း၊ကိုအေးမင်း။

တစ်လပြည့်အလွမ်း
ဒေါ်သန်းရီ (ပွေးလှ)

ကျေးဇူးရှင်မိခင်ကြီး ၂၂-၅-၂၀၀၄ရက်တွင် တစ်လပြည့်ခဲ့ပြီး မေမေ၏ဂုဏ်ကျေးဇူးအား အောက်မေ့လျက် သံဃာတော်များအား ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုကုသိုလ်ဒါနများကို မေမေအား အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ချစ်ခင်ပွန်း - **ဦးပွ**
ချစ်သားသမီးများ - **ဦးထင်အောင်-ဒေါ်မြင့်မေ၊ဦးဝင်းလွင်-ဒေါ်ထင်မီသန်း၊ ဦးမျိုးစံ-ဒေါ်ရင်မီသန်း၊ဦးကိုကိုလတ်-ဒေါ်နုနုသန်း၊ ဦးမြတ်သူရ-ဒေါ်စုစုသန်း၊**
မြေးများ - **ဇင်မင်းသန့်၊မြတ်သီရိထင်၊မင်းအောင်ခန့်၊ဝေဖြိုးလင်း၊ မျိုးမင်းသန့်၊ ခင်နေမျိုး၊ ကံဆက်၊ ကောင်းစံ၊ တင်ဇာမျိုး၊ ခွန်းထက်လတ်၊ ရန်ပိုင်အောင်။**

ရဟန်း၊ကျောင်းအမကြီး
ဒေါ်တင်တင်ဦး (သာယာဝတီ)
သစ်ထုတ်လုပ်ရေး(ငြိမ်း)
အသက်(၇၆)နှစ်

သာယာဝတီမြို့၊ ဈေးလမ်းနေ (ဦးမောင်မောင်ရွှေ - ဒေါ်ခင်ခင်)တို့၏သမီးကြီး၊ ပုသိမ်မြို့နေ (ဦးစိန်ဟုတ်-ဒေါ်ထွေး)တို့၏သမီးချွေးမ၊(ဦးကျင်ရှိန်)၏ဇနီး၊ ဒုရဲအုပ် ဌေးဌေးဦး-စခန်းမှူးဆွေလင်း(လှည်းကူး)၊ ဦးသောင်းရွှေ (သစ်ထုတ်လုပ်ရေး၊ သာယာဝတီ)-ဒေါ်ကြည်ကြည်နိုင်(သစ်ထုတ်လုပ်ရေး)တို့၏မိခင်၊ (ဒေါ်လှမြင့်)-ဦးသိန်းညွန့်၊ ဒုရဲမှူးလှအောင်(ငြိမ်း)-ဒုရဲမှူး ဆန်းညွန့်၊ ဒေါ်ခင်မေအေး-ဦးသောင်းတင်၊ (ဒေါ်တင်တင်အေး)-ဦးစိန်ထွန်းတို့၏ အစ်မကြီး၊ မောင်နေလင်း၊ မနှင်းမြတ်လင်း၊ မမေမြတ်သူ၊ မမေသီရိခေတ်တို့၏အဘွားသည် ၂၉-၅-၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မနီနီအောင် (မော်လမြိုင်)
B.Econ, C.P.A
Senior Accoutant(Mamee)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သိရီလမ်း၊ အမှတ် ၉၁ (ဒုတိယထပ်)နေ ဦးကျော်ဝေ-ဒေါ်စန်းကြည် (အထက-၄၊ မော်လမြိုင်၊ ငြိမ်း)တို့၏သမီးကြီး၊ မောင်မျိုးကျော်စန်း-မသီသီအေး၊ မောင်စိုးကျော်စန်း(YTU)တို့၏အစ်မ၊မအိမ့်ချွေဆုပြည့်၏အဒေါ်သည် ၂၉-၅-၂၀၀၄ရက် ည ၇း၂၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ဆိုင်ကယ်နံပါတ် ကသ/၁၉၈၅ လက်ဝယ်ရှိသူမှ ဆိုင်ကယ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးသွားပါ၍(ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန(ကော့သောင်း)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ကော့သောင်း)။

ဒေါ်ကျင်နီ
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း၊ အမှတ် ၈၄ (ဒုတိယထပ်)နေ (ခေါ်ချိန်စွမ်-လီစွိတီ)တို့၏ဒုတိယသမီး၊ ဦးတိတ်စိန်၏ဇနီး၊ ဦးမောင်မောင်ခင်-ဒေါ်လီလီထွေးတို့၏မိခင်၊ (ဒေါ်ကျင်မြင့်-ကျူကက်ဘိန်း)တို့၏ညီမ၊(ဦးသိန်းဝင်း)၊ ဒေါ်ကျင်မြိုင်၊ ဒေါ်တင်တင်မြင့်၊ ဒေါ်ခင်စန်းမြင့်-ဦးဝင်းနိုင်တို့၏အစ်မ၊ မြေးတစ်ယောက်၏အဘွားသည် ၂၇-၅-၂၀၀၄ရက် နံနက် ၈ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး ဖုကျန့်သုသာန်၌ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်ကြည်
အသက်(၅၉)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၉ X၃၆လမ်းထောင့်၊ စည်ပင်သာယာဝန်ထမ်းအိမ်ရာ၊တိုက်ခန်းအမှတ် E/၇ နေ ဦးငွေစိုး(ကြီးကြပ်ရေးမှူး၊ဈေးဌာနခွဲ)၏ဇနီး၊ ဒေါ်တင်တင်ဝင်း (ချမ်းအေးသာစံအုပ်ချုပ်ရေးမှူးရုံး)၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်အေးအေးစိုး(ချမ်းအေးသာစံအုပ်ချုပ်ရေးမှူးရုံး)၊ ဒေါ်ခင်သီတာစိုး (ဈေးဌာနခွဲ)၊ ဒေါ်ငယ်ငယ်ထွေးတို့၏မိခင်သည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တောင်မြင့်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမင်းသွင်
(အလက-၇၊ လှိုင်)
အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ(ဦးဂွမ်းချိမ်-ဒေါ်ခင်ဦး)တို့၏သားကြီး၊ အမှတ်(၄)ရပ်ကွက်၊ ပိတောက်လမ်းသွယ် ၃ လမ်း၊ (အမက-၂၅) လှိုင်မြို့နယ်နေ ဒေါ်ခင်နှင်းလှိုင် (ကျောင်းအုပ်ဆရာမကြီး)၏ ခင်ပွန်းသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း (ဟင်္သာတ)
အသက်(၉၀)

ဟင်္သာတမြို့(ဦးသာဆင့်-ဒေါ်ကြွေ)၊ ညောင်စာရေး(ဦးဘိုးထင်-ဒေါ်ငွေကိုင်)တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်သန်းရီ)၊ ညောင်စာရေးတို့၏ညီမ၊ (ဦးစံရှိန်-ဒေါ်ခင်စော)တို့၏အစ်မ၊ (ဦးမြင့်သိန်း)၊ ဒေါ်ခင်သန်းမြင့် (မြန်မာ့စိုက်ပျိုးရေး)၊ ဒေါ်အေးသွယ်၊ ဦးစိန်လှိုင်(ကကဌေ၊ ငြိမ်း)-ဒေါ်စိုးစိုးအောင်တို့၏မိခင်၊ဦးမြင့်သန်းလင်း(အမှတ်-၁၊ကြေးနီ)၊ဒေါ်လှလှတို့၏အဒေါ်၊ ဦးစောသာဝါး-ဒေါ်ဝေဝေလွင်၊ဦးသန်းဦး၊ဒေါ်စုစုမာ(UMEHL)၊ ဦးအောင်ဆန်းထွေး၊ မဖြူသဲ၊ မအိအိသဲ၊ မလဲ့လဲ့ထွန်း၊ မသွယ်သွယ်အောင်တို့၏အဘွားသည် ရန်ကုန်မြို့၊ အမှတ် ၁၇၅၊ ဆိပ်ကမ်းသာလမ်း(မြေညီထပ်)နေအိမ်၌ ၂၉-၅-၂၀၀၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်စိန်
အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ် ၈(အေ)၊ ၁၂၈ လမ်းနေ(ဦးအောင်ကွန်း-ဒေါ်လှရင်)တို့၏သမီးကြီး၊ (ဗိုလ်မှူးမျိုးခင်၊ ငြိမ်း)၏ဇနီး၊ ဒေါ်ကြည်ကြည်ခင်(ဦးစောထွန်း)၊ဒေါ်ဖြူဖြူခင်(မြို့/အိုးဌာန)-ဦးစိုးမြင့်အောင်၊ ဒေါ်နီနီခင်-ဦးလှကြည်၊ ဦးနေအောင်ခင်-ဒေါ်ခင်ယုနိုင်၊ ဒေါ်ကေသီခင်(မြို့/အိုးဌာန)၊ ဒေါ်နွယ်နီခင်-ဦးကိုဝင်း၊ ဦးမင်းအောင်ခင်-ဒေါ်လဲ့လဲ့ပြုံးတို့၏မိခင်၊မြေး ၁၀ယောက်တို့၏အဘွားသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) နံနက် ၇း၄၅ နာရီတွင် ကန်သာယာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ထွန်း (သန်လျင်)
(သမဦးစီး၊ ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဉယျာဉ်မြို့တော်နေ ဒေါ်ခင်ခင်အေး၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးရွှေ-ဒေါ်ခင်စန်းကြည်)၊ (ဦးလှမြင့်)-ဒေါ်ခင်စန်းရီ၊ (ဦးရွှေမြတ်-ဒေါ်ခင်စန်းသီ)၊ ဦးမောင်မောင်လှ-ဒေါ်ခင်ခင်ဌေး၊ဦးတင်လတ်-ဒေါ်ခင်ဝင်းရီတို့၏ ညီ/မောင်၊ သန်လျင်မြို့နေ ဒေါ်ခင်ဝင်း၊ ဦးမောင်မြင့်-(ဒေါ်ခင်ချို)၊ဒေါ်စိန်မြင့်၊(ဦးအောင်လွင်ဌေး)-ဒေါ်တင်ရှိန်တို့၏အစ်ကိုကြီးသည် ၂၈-၅-၂၀၀၄ရက်(သောကြာနေ့) ညနေ ၅း၁၅ နာရီတွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဦးဘခင်
(ဘီလူးကျွန်း၊ရွာလွတ်ရွာ)
အသက်(၅၈)နှစ်

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ရွာလွတ်ရွာနေ (ဦးမင်း-ဒေါ်ငွေဖြူ)တို့၏သား၊ အမှတ် ၆၃၊ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ(ဒေါ်မြရွှေ)၏ခင်ပွန်း၊ ဒေါ်မြတင် (ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)၊ ဦးဘရှင်-ဒေါ်ကျင်ရီတို့၏အစ်ကိုကြီး၊ ဦးသိန်းဖေ-ဒေါ်ဝါဝါတို့၏ဦးလေး၊ မင်းဘုန်းလှိုင်၊ မင်းရန်သိန်း၊ မင်းထွန်းထွန်းအိ၊ မိချိုချိုဝင်း၊ မိသီတာအောင်တို့၏ဖခင်သည် ၂၉-၅-၂၀၀၄ရက်(စနေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မယဉ်ယဉ်ထွေး (အင်းစိန်)
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းလမ်း၊ အိမ်အမှတ် ၃၀ နေ ဦးချစ်လှိုင်-ဒေါ်လှမြင့်တို့၏သမီးထွေး၊ (ဦးကံမြင့်)-ဒေါ်ရွှေရင်တို့၏ သမီးချွေးမ၊ ဦးအောင်ဌေး-မသန်းမြင့်၊ ဦးမြင့်သိန်း (မြန်မာ့မီးရထား) - ဒေါ်အေးအေးမူ၊ ဦးအောင်သိန်းရွှေ-ဒေါ်နုနုခင်၊ ဦးအောင်နိုင်(Myanmar May Son Co., Ltd.)၊ ဒေါ်လဲ့လဲ့ခိုင်(တပ်မတော် မိုးရေကာဖျင်)၊ဦးအောင်ကျော်ထူး၊ ဒေါ်သီတာတို့၏ညီမ၊ တပ်ကြပ်ကြီးစာရေးမြင့်ထူး (ကာကွယ်ရေးဝန်ကြီးဌာန)၏ ဇနီး၊ မဆုသဲဦး၏မိခင်၊ တူ တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၁၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ရေဝတမဟာထေရ် (ထားဝယ်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ ဇေယျာသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ရန်ကုန်မြို့၊ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတမဟာထေရ်မြတ်သည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၅ ရက် (၂၃-၅-၂၀၀၄ရက်)တနင်္ဂနွေနေ့ နံနက် ၄း၀၅ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍(၃၀-၅-၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ဇေယျာသုခကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်တော်ယာဉ်များ ဇေယျာသုခကျောင်းတိုက်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာလယ်တီတိုက်အုပ်ချုပ်ရေးအဖွဲ့နာယက
မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ
ဘဒ္ဒန္တ ကုမာရ
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မဟာလယ်တီတိုက်၊ အုပ်ချုပ်ရေးအဖွဲ့နာယက၊ မုံရွာမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မုံရွာမြို့ မဟာလယ်တီတိုက်၊ ဒေါ်မေအုတ်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကုမာရသည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၁ ရက် ညနေ ၃း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၂ ရက် မွန်းလွဲ ၂ နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးခွန်ကျော်ဖ (တောင်ကြီးမြို့)
အသက်(၇၉)နှစ်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရေထွက်ဦးလမ်း၊ ကုန်းမြင့်သာယာလမ်းသွယ်၊ အမှတ် ၁၀၇/၁၄ နေ ဒေါ်ခင်ညွန့်ရင်၏ခင်ပွန်း၊ ဦးခင်မောင်ဦး၊ ဗိုလ်မှူးကြီးဇော်ထွန်း-ဒေါ်စောကေခိုင်၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်သန်းဦး(တော်ဝင်ဘောဘီစတိုး)၊ ဦးခင်မောင်လတ်(East Wind Co.,Ltd.)-ဒေါ်သီတာလှိုင်၊ ဦးစိုင်းမွမ်းဖ-ဒေါ်ခင်ခင်ညို၊ ဦးဝင်းနိုင်(Vinus အပ်ချုပ်ဆိုင်)-ဒေါ်နန်းထွေးချယ်ရီမေတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့) ည ၉း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅- ၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်တွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမီးညောင်(ခ)ဦးစိန်
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဝါးဆိုရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ် ၁၁ နေ(ဦးစိုက်ချူ-ဒေါ်ကင်းလိန်)တို့၏သား၊ (ဒေါ်ကျင်မြ)၏ခင်ပွန်း၊ ဦးယုရှင်-(ဒေါ်သန်းသန်းဝင်း)၊ ဦးကွက်ဖောင်း-ဒေါ်ခင်အေးကြူ၊ ဦးကွက်ရင်-ဒေါ်ဝင်းမော်၊ ဦးကွက်ဆယ်(ခ)ဦးပေါက်စ-ဒေါ်စန်းစန်းရီ၊ ဦးကာ-ဒေါ်စန်းရွှေ၊ ဦးကွက်ခင်၊ကိုခင်ဇော်-မသန်းသန်းအေး၊မသန်းသန်း၊ မသန်းသန်းထွေးတို့၏ဖခင်၊ မြေး ၂၁ ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁-၆-၂၀၀၄ရက် နံနက် ၁၀း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှရင် (ကြည့်မြင်တိုင်)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရေတွင်းကုန်း ၃ လမ်း၊ အမှတ် ၈ နေ (ဦးပုလေး - ဒေါ်သန်း)တို့၏ သား၊ (ဦးအေးမောင်)-ဒေါ်အေးငွေ၊ ဦးတင်အောင်-ဒေါ်စိန်သန်း၊ ဦးတင်မောင်-ဒေါ်တူး၊ ဦးလှတင်-ဒေါ်ခင်လှတို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်၏ဦးလေးသည် ၂၈-၅-၂၀၀၄ရက်(သောကြာနေ့)နံနက် ၃း၅၅ နာရီတွင် ကွယ်လွန်ပါသဖြင့် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အရီး
အသက်(၆၇)နှစ်

ထန်းတပင်မြို့နယ်၊ကန့်လန့်ကျေးရွာနေ (ဦးဂျင်ဘု-ဒေါ်တူးမေ)တို့၏သမီး၊ အင်းစိန်မြို့၊ ပိန္နဲကုန်း၊ ပိတောက်ရိပ်သာလမ်း၊မြို့သစ် ခ/၆ လမ်းနေ ကိုအောင်လွင်ဦး-မမြင့်မြင့်ဝေ၊ကိုထွန်းမြင့်-မတင်တင်စိန်(စံပြဆေးရုံကြီး၊ သဃ်န်းကျွန်း)၊ ကိုထွန်းထွန်းဝင်း၊ မကြည်ကြည်စိန်၊ ကိုဟန်ဝင်းအောင်၊ မသန်းသန်းစိန်တို့၏မိခင်၊ မောင်ပြည့်စုံအောင်၏ အဘွား၊ ဦးအောင်တိုး(ကြီးကြပ်ရေးမှူး၊DCRT၊ ငြိမ်း)၏ဇနီးသည် ၂၈-၅-၂၀၀၄ရက် (သောကြာနေ့)ည၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းလှ(ခ)ဦးဘာဘူ
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုပုံနှိပ်တိုက်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၆၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးပိုက်-ဒေါ်ငွေရင်)တို့၏သား၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးခင်မောင်လတ်(ဒုညွှန်ကြားရေးမှူး၊ရေအားလျှပ်စစ်ဦးစီးဌာန)၊ (ဦးသိန်းလှိုင်)-ဒေါ်အေးအေးမြင့်၊ ဦးမြင့်သိန်း(မြန်မာ့ရေလုပ်ငန်း၊ ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း၊ ဦးခင်မောင်ကြည်(New Light Of Myanmar)၊ ဦးအောင်ကျော်ထွန်း(ဆလက)-ဒေါ်ခင်လှဝေ(မြန်မာ့သစ်လုပ်ငန်း)၊ဒေါ်အေးအေးသိန်း(အထပြ၊ ထ-၄၊ တာမွေ)၊ ဦးရဲအောင်ထွန်းတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းလှ(ခ)ဦးဘာဘူ
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ဗဟိုပုံနှိပ်တိုက်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၆၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးပိုက်-ဒေါ်ငွေရင်)တို့၏သား၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးနိုင်ဝင်း-ဒေါ်အေးပုလဲလှိုင်(ACE Data System)၊ မမြင့်သိင်္ဂီနွယ် [M.Sc (Maths) Year (1), ဒဂုံတက္ကသိုလ်]၊ မစုမြတ်နန္ဒာလှိုင် (2^{nd} M.B.B.S, IM II)၊ မောင်ဥက္ကါကျော် (2^{nd} Year, Physics, အရှေ့ပိုင်းတက္ကသိုလ်)၊ မသင်းနန္ဒာအောင်(VIII D, ထ-၂၊ စမ်းချောင်း)၊ မောင်မင်းသီဟထွန်း (II D, ထ-၄၊ အလုံ)တို့၏အဘိုး၊မြစ်သုံးယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးမြစ်များ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ
ဦးစီးပဓာနနာယက
ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ
ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တ ဒေါက်တာရေဝတဓမ္မ
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ၏ ဦးစီးပဓာနနာယက လန်ဒန်ဗုဒ္ဓဝိဟာရ၏ဩဝါဒါစရိယ Vice-Chairman of World Buddist Sangha Council၊ ဘာမင်ဂမ်မြို့ Aleader of City Faith and Patron of the Birmingham Council of Faiths ဖြစ်တော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျမ်းပြုအကျော်၊ ဘာသန္တရဆေက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဒေါက်တာရေဝတဓမ္မသည် နယုန်လဆန်း ၈ ရက် (၂၆-၅-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ဘုရား၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို နယုန်လပြည့်ကျော် ၂ ရက် (၄-၆-၂၀၀၄ရက်) သောကြာနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

အင်္ဂလန်နိုင်ငံ၊ဘာမင်ဂမ်မြို့၊
တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ရဟန်းအမကြီး
ဒေါ်ကျင်ငြိမ်း (ဆကာကြီး)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဧရာ ၁၆ လမ်း၊ အမှတ် ၇၅၃ နေ (ဦးစစ်ဖိုး-ဒေါ်ထား)တို့၏သမီး၊ [ဦးစိုးအောင်(ခ)ဦးဘဘွား]၏ဇနီး၊ ဒေါ်ကျင်ကြည်၏အစ်မ၊ (ဦးလှသန်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးစန်းဝင်း (ပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ မန္တလေး)-ဒေါ်သန်းသန်းလှ၊ (ဦးတင်လှ-ဒေါ်မြင့်မြင့်သိန်း)တို့၏မိခင်၊ ကိုကျော်စိုးဝင်း-မအေးမြတ်မြတ်မိုးစံ၊ ကိုလှဝင်း-မမြစန္ဒာ၊ ကိုတင်ထွန်းအောင်တို့၏အဘွား၊ မရွှေရည်ဝင်းလဲ့ဝါ(ခ)သက်လုံးပုံ၊ မောင်သီဟကျော်၊ မောင်ဝဏ္ဏကျော်၊ မောင်ဝင်းထွန်းကျော်တို့၏ ဘွားဘွားကြီးသည် ၂၉-၅-၂၀၀၄ရက် (စနေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကျင်ငြိမ်း (ဆကာကြီး)
အသက်(၈၆)နှစ်

ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်း-ဒေါ်သန်းသန်းလှတို့၏မိခင်ကြီးသည် ၂၉-၅-၂၀၀၄ရက်က ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ယဉ်ကျေးမှုတက္ကသိုလ်၊မန္တလေးမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မြင့်မြင့် (ပခုက္ကူ)
အသက်(၇၀)

မန္တလေးမြို့နေ (ဦးချစ်-ဒေါ်ခင်တင့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ အိမ်အမှတ် ၂၃ နေ ဦးတင်စိုး၏ဇနီး၊ (ဦးမြသောင်း) - ဒေါ်ခင်စန်းတို့၏ညီမ၊ ဦးမောင်မောင်-ဒေါ်ခင်ဝင်း၊ ဦးစိန်ထွန်း-ဒေါ်ကြူကြူ၊ ဦးခင်မောင်သန်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးခင်မောင်ထွန်း-ဒေါ်မေသိန်းနွဲ့၊ ဦးခင်မောင်ဌေး-ဒေါ်ခင်ဆွေမြင့်၊ ဦးဇေယျ-ဒေါ်မာမာထွေးတို့၏အစ်မ၊ ဦးခင်မောင်ဝင်း-ဒေါ်သီတာစံ၊ ဦးမြသိန်း-ဒေါ်ဆွေဆွေဝင်း၊ ဦးကျော်ကျော်စိုး-ဒေါ်မော်မော်ချို၊ ဦးညီညီလွင်-ဒေါ်မေရီစိုး၊ ဦးစိုးမြင့်နိုင်-ဒေါ်ခင်သန္တာ၊ ဒေါ်ရီရီနွယ်စိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၈-၅-၂၀၀၄ရက်နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြမြ (မော်လမြိုင်)
အသက်(၆၈)နှစ်

မော်လမြိုင်မြို့နေ (ဦးကိုကိုစိန်-ဒေါ်သန်းရှိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၈(B)၊ ၁၁၃ လမ်းနေ ဦးသန်းဇော်၏ဇနီး၊ ဦးကိုကိုဇော်-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ချိုချိုဇော်(Day Light မူကြို)၊ ဒေါ်သီသီဇော်၊ (ဦးညီညီဇော်)၊ ဒေါ်ချိုချိုအောင်(မြို့တော်စည်ပင်)၊ ဦးအောင်အောင်ဇော်-ဒေါ်အေးအေးခိုင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၈-၅-၂၀၀၄ရက် နံနက် ၉း၅၅ နာရီတွင်အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဂျွန်ဘော့
အသက်(၇၄)နှစ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊အမှတ်(၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၈၆ နေ (ဦးဘော့-ဒေါ်ပွေး)တို့၏သား၊ ဒေါ်ကြွေ၏ခင်ပွန်း၊ ဒေါ်မာဂရက်ဘော့၊ ဒေါ်အဲလ်လိဇဘက်ဘော့တို့၏ မောင်၊ ဂျက်ဘော့၊ မိုးဇက်ဘော့၊ ဒေါ်ဗစ်တိုးရီးယားဘော့တို့၏အစ်ကို၊ (ဦးမိုးညို)-ဒေါ်လေးမေ၊ ဦးမောင်မောင်-ဒေါ်ပြုံး၊ ဦးထွန်းစိန်-(ဒေါ်ခင်စီ)၊ ဦးစီဦး-ဒေါ်အဲလိဇဘက်တို့၏အစ်ကို၊ (ရောဘတ်ဇော်ဝင်း)၊ ဦးအဲလ်ဘတ်ဇော်မင်း [LL.B, P.M.G. 2^{nd} Class G.M. DSS. G.O.C(UK).M.P.A, MD-Star Trader Co.,Ltd.]-ဒေါ်နန်းဟေမာမိုး(B.E, Electronics)အလုပ်ရုံခွဲမှူး(အငြိမ်းစား) တပ်မတော် အထည်နှင့်ချည်မျှင်စက်ရုံ၊ မိုက်ကယ်ဇော်နိုင်(ကိုရီးယားသံရုံး)-ဒေါ်မာလာသိန်းထူးတို့၏ဖခင်၊ မောင်အောင်မျိုးသန့်၏ အဘိုးသည် ၂၈-၅-၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁-၆-၂၀၀၄ရက် (အင်္ဂါနေ့) ၁၁ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့်ကုမ္ပဏီမှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဇော်ထက်(ခ)ဘိုဘို
အသက်(၂၁)နှစ်

ဦးအောင်မြင့်-ဒေါ်ခင်ခင်အေး၊ ဦးတင်ကြီး-ဒေါ်တင်တင်တို့၏ မြေး၊ ရန်ကုန်မြို့၊ အခန်း ၃ (ဒီ)၊ ၂၃၆၊ ရတနာလမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်နေ ဗိုလ်မှူးမြင့်မောင်(ငြိမ်း)-ဒေါက်တာတင်ညိုညိုလတ်တို့၏သားကြီး၊ မကေခိုင်ဇော်၊ မောင်ကျော်ကိုလင်းတို့၏ အစ်ကိုကြီးသည် ၂၉-၅-၂၀၀၄ရက်နံနက်၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

မြို့တော်ကြီးမှ ပြည်နယ်တိုင်းများသို့ သွားလာမှုလွယ်ကူစေရေးဆောင်ရွက် သတ်မှတ်ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးကြပ်မတ်ကွပ်ကဲ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၅နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ် ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာ **စာမျက်** ဗိုလ်ချုပ် **ကော်လံ** မြင့်ဆွေ

စာမျက် ... ကော်လံ ...

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုံတင်ပြသဆဲရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် မေ ၂၉

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြည်ဖြူသျှင်ရိုက်ကူးပြီး သရုပ်ဆောင် ကျော်ဟိန်းနှင့် မျိုးသန္တာထွန်းတို့ ခေါင်းဆောင်ပါဝင်သည့် "နှုတ်ခမ်းထက်ကခရီးသွား" ရုံတင်ပြသဆဲဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ ရက် စတင်မည်

ကိုထွေး – စုစည်းတင်ပြသည်

ရန်ကုန် မေ ၂၉

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004) ကို ဇွန် ၁၂ရက်မှ ဇူလိုင် ၁၄ရက်အထိ ပေါ်တူဂီနိုင်ငံ၌ ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါ ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲတွင် ဥရောပနိုင်ငံများမှ ခြေစစ်ပွဲအောင် ဘောလုံးအသင်း ၁၅သင်းနှင့် အိမ်ရှင်ပေါ်တူဂီအသင်း စုစုပေါင်း ၁၆သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဥရောပဖလားဘောလုံးပြိုင်ပွဲသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲပြီးလျှင် ဘောလုံးအဆင့်အတန်းအမြင့်မားဆုံးနှင့် ပရိသတ်စိတ်ဝင်စားမှုအရှိဆုံး ဘောလုံးပြိုင်ပွဲကြီးဖြစ်သည်။ သို့ဖြစ်ရာ ယူရို၂၀၀၄ ပြိုင်ပွဲအကြိုသတင်းများကို မြန်မာ့အလင်း ဘောလုံးပရိသတ်များ သိရှိနိုင်ရန် စုစည်းတင်ဆက်သွားမည်ဖြစ်သည်။

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (Euro 2004)ကို ဇွန် ၁၂ရက်မှစတင်၍ ပေါ်တူဂီနိုင်ငံ၌ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ ကြိုတင်ပြင်ဆင်မှုများကို အပြင်းအထန် ပြုလုပ်နေကြပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဥရောပကလပ်အသင်း ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ ***စာမျက် ၁၁ ကော်လံ ၁***

၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲဖွင့် ပြိုင်ပွဲဝင်အားကစားသမား ၁၄၄ဦးပါဝင်ယှဉ်ပြိုင်

ရန်ကုန် မေ ၂၉

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ Loi Hein Co.,Ltd.° Alpineသောက်ရေသန့်က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ ခန်းမ၌ကျင်းပသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် နာယက ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)၊ ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)နှင့် အမှုဆောင်များ၊ ***စာမျက် ၁၃ ကော်လံ ၄***

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

ကမ္ဘာ့အကြီးဆုံးရွက်လှေ

မာရာဘယ်လာ အမည်ရှိ ကမ္ဘာ့အကြီးဆုံး ရွက်လှေတစ်စင်းကို အင်္ဂလန်နိုင်ငံ ပို့စ်မောက်မြို့ရှိ ဂန်းဝှပ်ဖ်ကွေး ဆိပ်ကမ်း၌ မေ၂၇ရက်က တွေ့ရစဉ်။ **(ဓါတ်ပုံ)** ၎င်း၏ရွက်တိုင်အမြင့်မှာ ပေ ၃၀၀ ရှိပြီး ယင်းမြို့မှ မေ ၂၉ ရက်မှစ၍ ခရီးရက်ရှည် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(အေပီ)**

ဦးခေါင်းနှစ်လုံးပါ ဆိတ်ငယ်

ကျူးဘားနိုင်ငံ ဟာဗာနားမြို့ပြင်ရှိ ဘော်တာမြို့လေးတွင် ဦးခေါင်းနှစ်လုံးပါ ဆိတ်ငယ် တစ်ကောင်နှင့်အတူ မိခင်ဆိတ်မကြီးကို မေ ၂၆ ရက်ကတွေ့ရစဉ်။ **(ဓါတ်ပုံ)** ထိုဦးခေါင်းနှစ်လုံးပါ ဆိတ်လေးမွေးဖွားအပြီး ၎င်းဒေသနေပြည်သူတို့မှာ တအံ့တဩ ဖြစ်ကြရကြောင်း၊ မွေးဖွားအပြီး ဦးခေါင်းနှစ်လုံးမှ မျက်လုံးလေးလုံးပွင့်လာကာ အသက်ရှူရှိုက်မှုနှင့် အစာစားမှုများပြုလုပ်သည်ဟု ဆိတ်ပိုင်ရှင်က ပြောဆိုသည်။ **(ရိုက်တာ)**

အကြိုတ်အနယ် ယှဉ်ပြိုင်

အမျိုးသား အသက်(၁၂)နှစ်နှင့်အောက် (ကုမိတဲ့)ပြိုင်ပွဲ အကြိုတ်အနယ် ယှဉ်ပြိုင်နေစဉ်။ (မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ

၂၀၀၃၄၅